ကြေးမုံ

The Mirror

၁၃၇၂ ခုနှစ်၊ နတ်တော်လဆန်း ၅ ရက်၊ စနေနေ့၊ (11-12-2010) (၆၆၀၉)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နှစ်ပေါင်းနှစ်ဆယ်အတွင်း နိုင်ငံတော်မှာ ဖွံ့ဖြိုးတိုးတက်မှုမရှိတဲ့ကဏ္ဍ မကျန်ရအောင် ကြိုးပမ်းတည်ဆောက်ခဲ့တဲ့ သမိုင်းမှတ်တိုင်တွေဟာ ပြည်သူ့အတွက် တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့တဲ့ တပ်မတော်ရဲ့ စေတနာကြီးမားမှုဖြစ်

ပြည်သူ့တပ်မတော်သားတွေပီသစွာ တပ်မတော်ရဲ့ ဒီအစဉ်အလာတွေအတိုင်း နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်လာတဲ့အစိုးရသစ်ကို ဝိုင်းဝန်းကူညီဆောင်ရွက်၊ တစ်ဖက်က မျိုးချစ်တပ်မတော်အဖြစ် ဆက်လက်ရပ်တည်

နေပြည်တော် ဒီဇင်ဘာ ၁၀

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၅၃) သင်တန်းဆင်းပွဲအခမ်းအနား၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်သည်-

ရဲဘော်တို့-

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၅၃)ရဲ့ သင်တန်းဆင်းပွဲအခမ်းအနားမှာ မှာကြားစရာရှိတာတွေကို အလေးအနက်မှာကြားသွားမှာဖြစ်တယ်။

ရဲဘော်တို့-

ဒို့တပ်မတော်ကို လွတ်လပ်ရေးကြိုးပမ်းမှုကာလမှာ မျိုးချစ်လူငယ်တွေနဲ့ စတင်ဖွဲ့စည်းခဲ့ပြီး တပ်မတော်က ပြည်သူကို ဦးဆောင်ကာ လွတ်လပ်ရေးကို ပြန်လည်ရယူပေးနိုင်ခဲ့တယ်။ လွတ်လပ်ရေးရပြီးပြန်တော့ လက်နက်ကိုင်ဆန့်ကျင်မှုတွေ အကြီးအကျယ်ဖြစ်ပေါ်ခဲ့တယ်။ အစိုးရလက်ထဲမှာ ရန်ကုန်ကွက်ကွက်ကလေးပဲ ကျန်တော့တဲ့အခြေအနေမျိုး ရောက်ခဲ့ရတယ်။ တပ်မတော်ဟာ အင်အားများပြားလှတဲ့ လက်နက်ကိုင်ဆန့်ကျင်သူတွေကို တွန်းလှန်ခဲ့ရတယ်။ အလားတူပဲ ၁၉၅၃ ခုနှစ်က ၁၉၅၆ခုနှစ်အတွင်း ပြည်ပက ကျူးကျော်ဝင်ရောက်လာတဲ့ ကူမင်တန်တပ်တွေကိုလည်း ရှုပ်ရှုပ်ချချ တိုက်ထုတ်နိုင်ခဲ့တယ်။

၁၉၅၈ ခုနှစ်ကျပြန်တော့ ပါတီစုံနိုင်ငံရေးလောကမှာ အားပြိုင်မှုတွေ အကြီးအကျယ် ဖြစ်ပေါ်ခဲ့ပြီး တိုင်းပြည်ရဲ့အခြေအနေဟာ ယိမ်းယိုင်ခဲ့တယ်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ✪

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၅၃) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

ကြေးမုံ The Mirror
၁၁-၁၂-၂၀၁၀
(စနေနေ့)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာစာပေရှင်သန်ထွန်းကားအောင် စွမ်းဆောင်

စာပေသည် အမျိုးသားရေးတည်ဆောက်မှု နယ်ပယ်ကဏ္ဍအားလုံးကို လွှမ်းခြုံဆက်စပ်ပေးနိုင်သည်။ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များနှင့် အမျိုးသားရေးစရိုက်လက္ခဏာများ မတိမ်ကော မပပျောက်စေရေးအတွက် စာပေစွမ်းပကားဖြင့် ဖန်တီးဖော်ဆောင်ပေးနိုင်သည့် အစဉ်အလာရှိသည်။

ခေတ်အဆက်ဆက်တွင် မြန်မာစာပေပညာရှင်များက လောကကြောင်း၊ ဓမ္မကြောင်းဆိုင်ရာများကို အခြေခံပြီး အမျိုးသားယဉ်ကျေးမှုနှင့်အတူ အမျိုး၊ ဘာသာ၊ သာသနာကို မြှင့်တင်နိုင်ခဲ့သည်။ မြန်မာစာပေရှင်သန်တိုးတက်ဖြစ်ထွန်းရေး ပင်မရေစီးကြောင်း အရှိန်အဟုန်ဖြင့် စီးဆင်းနေစေရေး မျက်မှောက်ခေတ် စာပေပညာရှင်များ ဆက်လက်အားထုတ်ကြရပေဦးမည်။

နိုင်ငံတော်က စာပေလောက ရှင်သန်ထွန်းကားရေးအတွက် အားပေးချီးမြှင့်ပံ့ပိုးလျက်ရှိသည်။ စာပေပညာရှင်များ၏ စာပေလက်ရာမွန်များကို နှစ်စဉ်ရွေးချယ်ဖော်ထုတ်ပြီး စာပေဆုနှင်းပွဲများဖြင့် ဂုဏ်ပြုချီးမြှင့်နေသည်။ ၂၀၀၉ ခုနှစ်အတွက် အမျိုးသားစာပေဆုများ ထုတ်ပြန်ခဲ့ရာ ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ ကဗျာပေါင်းချုပ်၊ စာပဒေသာ၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေ၊ ကလေးစာပေ၊ ဘာသာပြန်(သုတ)စာပေ၊ သုတပဒေသာ(ဝိဇ္ဇာ)၊ သုတပဒေသာ(ရိုးရိုးသိပ္ပံ)နှင့် သုတပဒေသာ(အသုံးချသိပ္ပံ) ဘာသာရပ် ၁၀ မျိုး ပါဝင်သည်။

စာပေသည် အမျိုးသားယဉ်ကျေးမှု၏ အရင်းအမြစ်ဖြစ်ရာ ပြည်သူများ ခေတ်နှင့်တစ်ပြေးညီ အသိအမြင် ပွင့်လင်းစေရေး၊ အမျိုးသားရေး စိတ်ဓာတ်၊ အမျိုးသားရေး အသိအမြင် ကြည်လင်ထက်သန်စေရေး စာပေဖြင့် ဗဟုသုတ ပေးကြရပေမည်။ တစ်ချိန်တည်းတွင် ဂန္ထဝင်မြောက် မြန်မာစာပေ၊ ကမ္ဘာ့စာပေများနှင့် ခေတ်ပြိုင်စာပေများကို စာဖတ်ပရိသတ်များ ရင်းနှီးကျွမ်းဝင်စေရေး အကျိုးဆောင် ရေးသားတင်ပြကြရပေမည်။

ယနေ့ကာလတွင် ပြည်သူတစ်ရပ်လုံး မျှော်မှန်းထားသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်လျက်ရှိရာ စာပေပညာရှင်များက စာပေစွမ်းပကားဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ကြရပေမည်။ တိုင်းရင်းသားအားလုံး ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် နိုင်ငံတော်တည်ဆောက်ရေးတွင် စွမ်းစွမ်းတမံ ပူးပေါင်းပါဝင်လာစေရေး စာပေအမြင်ဖြင့် မီးမောင်းထိုးပြကြရပေမည်။

စာပေပညာရှင်များသည် ခေတ်အဆက်ဆက်တွင် တိုင်းကျိုးပြည်ဆောင် လုပ်ငန်းများတွင် ပါဝင်ခဲ့ကြသည်။ အမျိုးသားရေးအမွေခံကောင်းများကို ဆက်လက်ထိန်းသိမ်းလာခဲ့ကြသည်။ မျက်မှောက်ခေတ်တွင် ပြည်သူတစ်ရပ်လုံး အမျိုးသားရေးအမြင် ကြည်ကြည်လင်လင်ဖြင့် ဝေဖန်ပိုင်းခြားနိုင်စေရေး စာပေစွမ်းပကားဖြင့် ကြိုးပမ်းဖော်ဆောင်သွားကြရမည်ဖြစ်ပါသည်။ ။

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၀

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာန မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့နှင့် ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်းတို့ ပူးပေါင်းစီစဉ်သည့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန် မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းအားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူနှင့် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး**(ယာပုံ)** ကျောင်းစာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌက ရသစာပေ၊ သုတစာပေစာအုပ်များနှင့် မဂ္ဂဇင်းဂျာနယ်များကို ပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူး ဦးလှဌေးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ဖွင့်ပွဲအထိမ်းအမှတ် ဟောပြောပွဲကို အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းတို့၌ ကျင်းပရာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌက အမှာစကား ပြောကြားပြီး စာရေးဆရာများဖြစ်ကြသည့် ချစ်နိုင် (စိတ်ပညာ)၊ မြင်းမူမောင်နိုင်မိုး၊ ကြူကြူသင်းနှင့် ကိုကိုလှိုင်တို့က လည်းကောင်း ယနေ့တွင် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ လယ်တွင်းသား (စောချစ်)၊ မနုသကျော်ဝင်း၊ မစန္ဒာနှင့် မောင်ငြိမ်းသူ (ကြို့ပင်ကောက်)တို့က လည်းကောင်း စာပေဆိုင်ရာ ဗဟုသုတများကို ဟောပြောကြသည်။

ပြိုင်ပွဲများအဖြစ် အထက်တန်းအဆင့်၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများကို ဒီဇင်ဘာ ၁၂ ရက် တွင် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ လည်းကောင်း၊ ကဗျာရွတ်ဆိုပြိုင်ပွဲများနှင့် အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲကို ဒီဇင်ဘာ ၁၅ ရက်တွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ လည်းကောင်း ကျင်းပသွားမည်ဖြစ်ပြီး ဆုပေးပွဲနှင့် ပွဲတော်ပိတ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၀ ရက်တွင် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာပေဆိုင်ရာဗဟုသုတများကို စာရေးဆရာမ ဒေါ်ကြူကြူသင်း ဟောပြောစဉ်။ (သတင်းစဉ်)

မြန်မာဘရူဝါရီလီမိတက်မိသားစု သတ္တမအကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၀

မြန်မာနိုင်ငံ သွေးလှူရှင်များနေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာဘရူဝါရီလီမိတက်မိသားစု ကရုဏာရှေ့ရှု မြန်မာမှု အစီအစဉ်၏ သတ္တမအကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာန၌ ကျင်းပရာ**(အောက်ပုံ)** ရှေးဦးစွာ မြန်မာဘရူဝါရီလီမိတက် မန်နေဂျင်းဒါရိုက်တာ Mr. Peter Ong က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်နုနုသာက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ တာဝန်ရှိသူများ၊ အမျိုးသားသွေးဌာန တာဝန်ခံ ဒေါက်တာဒေါ်သီတာအောင်နှင့် Mr.Peter Ong တို့က အုပ်ချုပ်မှု အဖွဲ့ဝင်များဦးဆောင်သည့် မြန်မာဘရူဝါရီလီမိတက် ဝန်ထမ်းမိသားစု၏ စုပေါင်းသွေးလှူဒါန်းနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

မြန်မာဘရူဝါရီလီမိတက်သည် ၂၀၀၆ ခုနှစ် မေလမှစတင်၍ ရန်ကုန်မြို့နှင့် မန္တလေးမြို့များ၌ သွေးလှူဒါန်းမှုများ ပြုလုပ်ခဲ့ရာ ယခုအကြိမ်အထိ စုစုပေါင်းသွေး ၃၁၉၇ ပုလင်း လှူဒါန်းခဲ့ပြီးဖြစ်သည်။

ဒီဇင်ဘာ ၁၃ ရက်နှင့် ၁၇ ရက်တို့တွင် မန္တလေးမြို့၌ စုပေါင်းသွေးလှူဒါန်းကြမည်ဖြစ်ကြောင်း သိရသည်။

မြန်မာဘရူဝါရီလီမိတက်သည် စင်ကာပူသမ္မတနိုင်ငံ ဖရေဇာအင်နိဗ်လီမိတက်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေး ဦးပိုင်လီမိတက်တို့ အကျိုးတူပူးပေါင်းတည်ထောင်ထားသည့် ကုမ္ပဏီဖြစ်သည်။

ကရုဏာရှေ့ရှု မြန်မာမှုအစီအစဉ်သည် မြန်မာဘရူဝါရီလီမိတက်မှ လူမှုရေးလုပ်ငန်းများ လုပ်ကိုင်ရန်အတွက် ဖွဲ့စည်းထားခြင်းဖြစ်ပြီး လူမှုရေးအသင်းအဖွဲ့များစွာသို့ အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းလျက်ရှိရာ ဆားစ်ရောဂါရှာဖွေရေးစက်၊ H1N1ရောဂါရှာဖွေရေးစက်များကိုလည်း ကျန်းမာရေးဦးစီးဌာနသို့ လှူဒါန်းခဲ့ပြီးဖြစ်သည်။

ထို့ပြင် မြန်မာဘရူဝါရီလီမိတက်က သန့်စင်သော သွေးရရှိစေရန် ရည်ရွယ်ချက်ဖြင့် သွေးလှူဘဏ်၌ မှတ်ပုံတင်ထားသည့် သွေးလှူရှင်များအား အသည်းရောင် အသားဝါ(B)ကာကွယ်ဆေးထိုးပေးခြင်း အစီအစဉ်ကို ၂၀၀၉ ခုနှစ်တွင် ရန်ကုန်၊ သထုံ၊ ပုသိမ်၊ လပွတ္တာ၊ ဒေးဒရဲ၊ ဖျာပုံ၊ ဘိုကလေး၊ စစ်တွေ၊ ကျောက်ဖြူ၊ မြစ်ကြီးနား၊ ကလေးနှင့် မန္တလေးမြို့တို့ရှိ သွေးလှူရှင် စုစုပေါင်း ၄၃၀၁ ဦးတို့အား ဆောင်ရွက်ပေးခဲ့သည်။

ကရုဏာရှေ့ရှု မြန်မာမှုအစီအစဉ်မှ မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် Operation Smile Myanmar-Singapore Friendship Medical Misson 2010 အစီအစဉ်မှ စစ်တွေ၊ တောင်ကြီး၊ မကွေးနှင့်ရန်ကုန်တိုင်းဒေသကြီး ခရိုင်လေးခရိုင်အတွင်းရှိ မြို့နယ်များရှိ မျက်နှာ ပုံပန်းမကျ၊ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင် ကလေးငယ် ၁၀၆ ဦးတို့အား ၂၀၁၀ ခုနှစ် အောက်တိုဘာလတွင် ကျန်းမာရေးဝန်ကြီးဌာန၏ ပံ့ပိုးမှုဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ခွဲစိတ်ကုသဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

GLORY အင်္ဂလိပ်/ အင်ဂျင်နီယာဒီပလိုမာသင်တန်းများအတွက် (အခမဲ့ပညာသင်ဆု)များ ချီးမြှင့်မည်

ရန်ကုန် ဒီဇင်ဘာ ၁၀

GLORY သင်တန်းကျောင်းတွင် UK အင်ဂျင်နီယာ ဒီပလိုမာသင်တန်းများနှင့် အဆင့်မြင့်အသက်မွေးဝမ်းကျောင်းအတတ်ပညာရပ်များ သင်ကြားပို့ချလျက်ရှိသည်။ အင်ဂျင်နီယာပညာရပ်များကို စိတ်ပါဝင်စားပြီး ငွေကြေးအခက်အခဲရှိသော လူငယ်များအတွက် ကူညီထောက်ပံ့ရန် ရည်ရွယ်ကာ GLORY က နှစ်စဉ်ပညာသင်ဆု Scholarship များပေးအပ်လျက်ရှိပြီး လေးနှစ်တာ ကာလအတွင်း လူငယ် ၇၂ ဦးအား ပညာသင်ဆုရွေးချယ်စိစစ်ပေးအပ်ခဲ့သည်။

နှစ်စဉ်ပေးအပ်ခဲ့သော အစဉ်အလာအတိုင်း ၂၀၁၁ ပညာသင်နှစ်အတွက်လည်း ပညာသင်ဆုများ ချီးမြှင့်မည်ဖြစ်သည်။ ယခင်ပညာသင်ဆု ပေးအပ်လေ့ရှိသော City & Guilds (UK) ၏ Level (3) အင်ဂျင်နီယာ ဒီပလိုမာသင်တန်း ခြောက်မျိုးအပြင် ယခုအကြိမ်တွင် Level (5) အဆင့်ရှိ Advanced Diploma သင်တန်း(၄)မျိုး အတွက်ပါ တိုးချဲ့ပေးအပ်မည်ဖြစ်ရာ စုစုပေါင်း သင်တန်းသား ၂၀ ကို Scholarship ရွေးချယ်ချီးမြှင့်မည် ဖြစ်သည်။

သင်တန်းကာလမှာ ခြောက်လမှ တစ်နှစ်အထိကြာမြင့်မည်ဖြစ်သည်။ အဆိုပါသင်တန်းများတွင် City & Guilds (UK) ၏ သင်ရိုးညွှန်းတမ်းအတိုင်း စာတွေ့လက်တွေ့သင်ကြားပေးမည်ဖြစ်ပြီး Full Scholarship ရရှိသူသည် သင်တန်းကြေး၊ စာရွက်စာတမ်းကြေးများ ကင်းလွတ်ခွင့်ဖြင့် တက်ရောက်ပညာသင်ကြားနိုင်မည်ဖြစ်သည်။ Level (3) သင်တန်းများအတွက် အခြေခံပညာအထက်တန်း အောင်မြင်ပြီးသူတိုင်း လျှောက်ထားနိုင်ပြီး Level (5) သင်တန်းများအတွက် ပြည်တွင်း/ပြည်ပမှ အင်ဂျင်နီယာဒီပလိုမာ တစ်ခုခုရထားသူများ လျှောက်ထားနိုင်သည်။ လျှောက်ထားသူများအား စာမေးပွဲစနစ်ဖြင့် စိစစ်ရွေးချယ်ကာ အခမဲ့သင်တန်းတက်ရောက်ခွင့်ပြုမည် ဖြစ်သည်။

စိတ်ပါဝင်စားသူများသည် ဒီဇင်ဘာ ၁၈ ရက် နောက်ဆုံးထား၍ အမှတ် (၁၃၈/၁၄၀) ဒုတိယထပ် ပန်းဆိုးတန်းလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့၊ ဖုန်း- ၀၁-၇၃၁၂၁၇၁၇ နှင့် ၀၉-၅၁၉၇၈၁၇ Website:www.glory-education.com(Kyaw Home Mart နှင့် စာပေလောက ၅) အပေါ်ထပ်၌ လူကိုယ်တိုင်လာရောက်လျှောက်ရမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

စာအုပ်စာပေ လှူမိတ်ဆွေ

စာသင်ကျောင်းအခြေပြု မီးဘေးလုံခြုံရေး တပ်ကုန်းမြို့၌ ပညာပေးဟောပြော

နေပြည်တော် ဒီဇင်ဘာ ၁၀

မီးဘေးအန္တရာယ် လျော့နည်းပပျောက်စေရေးအတွက် မီးသတိမူရေးနှင့် ကြိုတင်ကာကွယ်ရေး အသိပညာများကို ကျောင်းသား၊ ကျောင်းသူများမှတစ်ဆင့် ပြည်သူလူထုအား မီးဘေးလုံခြုံရေး အသိပညာ ဖြန့်ဝေသောစနစ် (School based fire safety education)ကို မီးသတ်ဦးစီးဌာနက ကျင့်သုံးဆောင်ရွက်လျက်ရှိရာ နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးကျော်ကျော်သည် ဒီဇင်ဘာ ၈ ရက် မွန်းလွဲ ၂ နာရီခွဲတွင် တပ်ကုန်းမြို့ အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်း၌ အလယ်တန်းကျောင်းသား၊ ကျောင်းသူ ၂၀၀ အား မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

လေပွေလှိုင်းနှင့် အခါမဲ့မိုးဟူသည်မှာ . . .

ယနေ့ကမ္ဘာကြီး၏ ရာသီဥတုဖြစ်ပေါ်ပြောင်းလဲမှုများသည် ယခင်ယခင်ကာလများနှင့် နှိုင်းယှဉ်ပါက ကြောင်းကျိုးယုတ္တိခိုင်လုံမှုနှင့် ဖြစ်တန်စွမ်းအခြေအနေများ သိသိသာသာ ပြောင်းလဲဖြစ်ပေါ်နေသည်ကို ကမ္ဘာသူ၊ ကမ္ဘာသားတို့ သတိပြုမိကြမည်ဖြစ်သည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ငွေ ရှင်းလင်းပြောကြားစဉ်။

တွေ့ဆုံမေးမြန်းတင်ပြ ဇော်နိုင်ဝင်း

စိုစွတ်သည်ထက် ပိုမိုစွတ်စိုနေသည့် ဒေသများ၊ ခြောက်သွေ့သည်ထက် ပိုမိုခြောက်သွေ့နေသည့် အခြေအနေများနှင့် ကြုံတွေ့နေသည့် ရပ်ဝန်းအချို့နှင့် ပုံမှန်မဟုတ် ပုံမှန်ထက် အစွန်းတရားများ သက်ရောက်နေသည့် ကမ္ဘာ့ရပ်ဝန်းအချို့၏ဖြစ်စဉ်များမှာ လူ့ပယောဂများကြောင့် သက်ရောက်ရပါသည်ဟု စွပ်စွဲပြောဆို၍ ရသကဲ့သို့ မြင့်မားလာသော ကမ္ဘာ့လေထု၊ ရေထုတို့၏ အပူချိန်ကြောင့် အချိန်အခါမဟုတ် မိုးရွာသွန်းမှုများ၊ အချိန် ကာလထက်စော၍ မိုးရာသီကုန်ဆုံးမှုများဖြင့် ရင်ဆိုင်လာရပြီးနောက် ကမ္ဘာကြီး၏ ညည်းညူသံများကို စိတ်မချမ်းမြေ့ဖွယ် ကြားသိလာရသည်။

ဒီဇင်ဘာ ၉ ရက်ည မိုးရွာသည်မှာ ထူးပေစွ။ ၁၀ ရက်နေ့သတင်းစာတွင် လေပွေလှိုင်းများကြောင့် မိုးရွာနိုင်သည်ဟူသော သတင်းထုတ်ပြန်ချက်က ပို၍ သိသာစေသည်။

ထိုသတင်းကြောင့်ပင် ကျွန်တော်တို့ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသို့ ရောက်ခဲ့သည်။ ပုံမှန်မဟုတ်သော ဥတုဖြစ်စဉ်များကို ခေတ်မီစက်ကိရိယာများဖြင့် စုံစမ်းထောက်လှမ်းကြည့်ကာ ရင့်ကျက်ကြွယ်ဝသော အတွေ့အကြုံများပေါင်းစပ်၍ အများပြည်သူတို့ အကျိုးအတွက်ငှာ ဤအခါမဲ့မိုးဖြစ်စဉ်ကို ၇၂ နာရီကြိုတင်သတိပေးချက် ထုတ်ပြန်ခဲ့ပါသည်ဟု မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ကွန်ပျူတာပုံရိပ်တွင် ထင်ဟပ်လာသော တိမ်တိုက်တစ်ခုကို ထောက်ပြကာ ရှင်းပြသည်။

ကြေးမုံသတင်းအဖွဲ့၏ ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်ခဲ့ပြီး ဒီဇင်ဘာ ၇ ရက် မွန်းလွဲပိုင်းက အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်ကမ်းခြေသို့ ဖြတ်ကျော်ဝင်ရောက်ခဲ့သော မုန်တိုင်းကြောင့်အခါမဲ့မိုးရွာခဲ့သလောဆိုသည့်သံသယကို တာဝန်ရှိသူတို့၏ပညာရပ်ပိုင်းဆိုင်ရာ ရှင်းလင်းချက်များက ပိုမိုခိုင်မာစေခဲ့သည်။အရှေ့မြောက်လေအေးစီးကြောင်းနှင့် တောင်ဘက်ပိုင်းမှ ရေငွေ့ပါသော လေနွေးစီးကြောင်းတို့ တွေ့ဆုံရာမှ လေပွေလှိုင်းများ ပုံမှန်ဖြစ်ပေါ်လေ့ရှိသော်လည်း ယခုနှစ်တွင်မူ သာမန်နှစ်များထက် ပိုမိုရေငွေ့ဖွဲ့အားကောင်းလာသည့် ပျက်ပြယ်မုန်တိုင်းရေငွေ့များကြောင့် မုန်တိုင်းအကြွင်းအကျန် တိမ်တိုက်များမှာ ပိုမိုကြီးမား ကျယ်ပြန့်သော တိမ်တောင်စုဖွဲ့တည်ကာ သာမန်ကာလ ရွာသွန်းမြဲထက် ပိုမိုများပြားသော မိုးရေတို့ ရွာသွန်းခဲ့သည်။ ဒီဇင်ဘာ ၁၀ ရက် တိုင်းထွာချက်များအရ မိုးရေချိန် စံချိန်သစ်တင်ခဲ့သော ရခိုင်ပြည်နယ်မှ ကျောက်ဖြူ၊ မြောက်ဦး၊ မောင်တောနှင့် ပလက်ဝမိုးရေချိန်စခန်းများ၏ မိုးရေချိန်လက်မများက သက်သေပြလျက်ရှိပါသည်။

မည်သို့ဆိုစေ ရိတ်သိမ်းစဒေသများအတွက် အဖျက်၊ စိုက်ပျိုးဆဲဒေသများအတွက် အပြု/အဖျက်၊ လောကတံထွာ အပြု/အဖျက်အနက် နှစ်မျိုးဆောင်သော ဤမိုးကို အထူးသတိပြုရမည်ဖြစ်ကြောင်း နားလည်သဘောပေါက်ခဲ့သည်။ သက်ဆိုင်ရာနယ်မြေဒေသမှ စိုက်ပျိုးသူများအနေဖြင့် ရှောင်ရန်က ပိုများမည် မှာ သေချာပါ၏။

ပဲခူး၊ မကွေးနှင့် မန္တလေးတိုင်းဒေသကြီးများ၌ မိုးရေအများစုကို ရွာသွန်းချမည့် ဤမိုးကို မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ၇၂ နာရီ ကြိုတင်ခန့်မှန်းသတင်းထုတ်ပြန်ခဲ့၏။ လေပွေလှိုင်းတို့ အစပျိုးဖြစ်တည်ချိန်မှစ၍ ဖြစ်သည်။ ဒီဇင်ဘာ ၉ ရက်တွင် မိုးရေစက်များနှင့် ကြေးမုံသတင်းအဖွဲ့ စတင်တွေ့ဆုံရသကဲ့သို့ ပြာမှိုင်းသော ကောင်းကင်အောက်၌ ရှစ်မျက်နှာပတ်လုံး တိမ်သားဖုံးအုပ်လျက်ရှိနေသော ရပ်ဝန်းများမှ တောင်သူများအနေဖြင့်လည်း ရိတ်သိမ်းချိန်ကာလ မိမိတို့၏ ကောက်ပဲသီးနှံများ မပျက်စီးအောင် သတိပြုရှောင်ရှားကြရမည်ဖြစ်သည်။

အုံ့မှိုင်းသော မိုးသားအောက်မှာပင် ခရီးနှင်ခဲ့၍ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသို့ ရောက်ခဲ့ပြီး လေပွေလှိုင်းနှင့် အခါမဲ့မိုးတို့ဆက်စပ်ပုံကို လေ့လာခဲ့ရာတွင်-

"မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနဟာ သဘာဝဘေးအန္တရာယ်လျော့ပါးရေးအတွက် သတိပေးချက်၊ ခန့်မှန်းချက် ကြိုတင်ထုတ်ပြန်ပေးနေတဲ့ တစ်ခုတည်းသောဌာန ဖြစ်ပါတယ်။ လက်ရှိဖြစ်ပေါ်နေတဲ့ အနောက်ဘက်ကလာတဲ့ လေပွေလှိုင်းနဲ့ ပတ်သက်ပြီး ရှင်းပြရရင် လေပွေလှိုင်းဆိုတာ လေဖိအားနည်းသောစနစ်ဟာ တစ်နေရာတည်းရှိမနေဘဲ အနောက်မှအရှေ့၊ အရှေ့မှအနောက် ရွေ့နေတာမျိုးကို လေပွေလှိုင်းလို့ခေါ်တာပါ။ လေပွေလှိုင်းဖြစ်ရင် သူရှိရာနေရာကို ဘေးကရေငွေ့တွေဝင်လာပြီး တိမ်တောင်တွေဖြစ်ထွန်းပါတယ်၊ လေပွေလှိုင်း ဖြတ်သန်းရာတစ်လျှောက်မှာ မိုးရွာပါတယ်။

"အခုဖြစ်ပေါ်နေတဲ့ အနောက်လေပွေလှိုင်းဟာ ပုံမှန်လည်း ဒီဇင်ဘာနှင့် ဇန်နဝါရီလတွေမှာ မြန်မာနိုင်ငံမြောက်ပိုင်းကို ဖြတ်ကျော်လေ့ရှိပါတယ်။ ဒါပေမယ့် သိပ်မပြင်းထန်ပါဘူး။ အခုဖြစ်စဉ်ကတော့ ပြင်းထန်ပါတယ်။ ဘာကြောင့်ပြင်းထန်သလဲဆိုရင် ပြီးခဲ့တဲ့ ၃-၄ ရက်က အင်ဒရာပရာဒေ့ရှ်ကမ်းခြေကို ဝင်ရောက်ခဲ့တဲ့ မုန်တိုင်းငယ်ရဲ့ အကြွင်းအကျန်တိမ်တိုက်တွေဟာ အနောက်လေပွေလှိုင်းနဲ့သွားပေါင်းတယ်။ သွားပေါင်းတဲ့အခါကျတော့ လေပွေလှိုင်းဟာ အင်အားကောင်းသွားတယ် မိုးရွာမှုများတယ်၊ ဧရိယာကျယ်ပြန့်သွားတယ်။ ဒီလို အချိန်အခါမဟုတ် မိုးရွာသွန်းနိုင်မှုကို အနည်းဆုံး ၄၈နာရီ ကြိုတင်သတိပေးနိုင်ခဲ့ပါတယ်။ ဒါဟာ အမျိုးသားဘက်စုံသဘာဝဘေးကြိုတင်ခန့်မှန်းရေး ဗဟိုဌာနတည်ထောင်ပြီး နည်းပညာပေါင်းစုံ၊ နည်းလမ်းပေါင်းစုံ၊ ခေတ်မီကိရိယာတွေနဲ့ ၂၄ နာရီမပြတ် စောင့်ကြည့်လေ့လာ၊ အကဲဖြတ်ပြီး ခန့်မှန်းချက်တွေ၊ သတိပေးချက်တွေထုတ်ပြန်နိုင်မှုရဲ့ အကျိုးကျေးဇူးပါပဲ။

လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦး ရှင်းလင်းပြောကြားစဉ်။

"နည်းပညာအပြင် ဒီမှာရှိတဲ့ကျွမ်းကျင်ဝန်ထမ်းတွေကို နိုင်ငံတကာနဲ့အညီ အသိပညာတွေကို နိုင်ငံခြားတိုင်းပြည်တွေမှာ လေ့ကျင့် ပညာဆည်းပူးခွင့် ရရှိအောင် ဆောင်ရွက်ပေးတဲ့ လက်ရှိနိုင်ငံတော်အစိုးရရဲ့ကျေးဇူးကြောင့်လည်း အများကြီးပါပါတယ်။

"ဂြိုဟ်တုတိမ်ပုံတွေ၊ သင်္ချာပုံစံခန့်မှန်းချက်တွေ၊ မြေပုံတွေ၊ သတင်းအချက်အလက်တွေ အချိန်နဲ့တစ်ပြေးညီရယူနိုင်ခြင်း၊ ဖလှယ်နိုင်ခြင်းကလည်း သတိပေးချက်တွေကို လျင်လျင်မြန်မြန်ထုတ်ပြန်ပေးပို့နိုင်ခဲ့ပါတယ်"ဟု လက်ထောက်ညွှန်ကြားရေးမှူး ဦးချစ်ကျော်က ရှင်းလင်းပြောကြားသည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနရုံးချုပ်တွင် ကြေးမုံသတင်းအဖွဲ့အား ညွှန်ကြားရေးမှူးချုပ် ဦးတင်ငွေက လေပွေလှိုင်းဖြစ်ပေါ်တတ်သောသဘာဝနှင့် ရွာသွန်းချတတ်သော မိုးရေချိန်ပမာဏကို ဆယ်စုနှစ်များစွာသို့ နောက်ကြောင်းပြန် ကောက်ချက်ချပြရင်း ပစ္စုပ္ပန်အခြေအနေကို ခန့်မှန်းပြီး နောက်လာမည့် ၄၈ နာရီအတွင်း မိုးရွာသွန်းဖွယ်အခြေအနေများ တည်ရှိနေမှုကို ပညာရှင်ရှုထောင့်မှ ပြောကြားသည်။ မိုးနှင့်နွားသိုးအစိုးမရဟူသော စကားရပ်မှာ အလင်္ကာတစ်ရပ်မျှသာဖြစ်ကြောင်း ယနေ့သိပ္ပံခေတ်လွန် မိုးလေဝသနည်းပညာ၊အတတ်ပညာနှင့်စက်ကိရိယာတို့က အတည်ပြုလိုက်ပြီဖြစ်သည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအနေဖြင့် စုံစမ်းထောက်လှမ်းရရှိလာသော မိုးလေဝသသတင်းအချက်အလက်များကို အချိန်နှင့်အမျှ အရေးကြီးမှု ဒီဂရီလိုက်၍ မီဒီယာပေါင်းစုံကို အသုံးပြုကာ နိုင်ငံတော်နှင့်ပြည်သူ့ အကျိုးစီးပွားအတွက် ထုတ်ပြန်ပေးလျက်ရှိရာ ယခု ၂၀၁၀ ဒီဇင်ဘာ ၈ ရက်မှ စတင်ခဲ့သော ပုံမှန်မဟုတ်သည့် မိုးရွာသွန်းမှု အခြေအနေကို စဉ်ဆက်မပြတ် စောင့်ကြည့် ထုတ်လွှင့်ပေးလျက်ရှိသည်။ ယင်းထုတ်လွှင့်မှုကို စောင့်ကြည့်ဖတ်ရှုနားဆင်မှတ်သားကာ ဆောင်ရန်၊ ရှောင်ရန်တို့ကို လိုက်နာဆောင်ရွက်သူတို့အဖို့ ဘေးအန္တရာယ်ကျရောက်မှုမှ ရှောင်လွှဲနိုင်သော အခြေအနေကို ရရှိခံစားနိုင်မည်ဖြစ်ကြောင်း ညွှန်ချုပ်က နိဂုံးချုပ်ပြောကြားရင်း စကားဝိုင်းကို အဆုံးသတ်လိုက်သည်။

ညနေ ၄နာရီတွင် ကြေးမုံသတင်းအဖွဲ့ပြန်ခဲ့သည်။ အရှေ့ဘက်ကောင်းကင်၌ ငွေ့ရည်ဖွဲ့သော တိမ်တိုက်ညိုတို့ ပြိုလုမတတ်။ သို့သော် ကိစ္စမရှိ။ နောက် ၄၈ နာရီ အလွန်တွင်မူ . . .။ ။



မြန်မာနိုင်ငံအလယ်ပိုင်း၌ မိုးတိမ်တောင်များ အုံ့ဆိုင်းနေမှုကို ဂြိုဟ်တုဓာတ်ပုံ၌ တွေ့ရစဉ်။



လက်ထောက်ညွှန်ကြားရေးမှူး ဦးချစ်ကျော် ရှင်းလင်းပြောကြားစဉ်။

လေအေးပေးစက်များ လေးနှစ်အာမခံဖြင့် ဖြန့်ဖြူး

ရန်ကုန် ဒီဇင်ဘာ ၁၀

မြန်မာနိုင်ငံတွင် ပထမဦးဆုံး လေးနှစ်အာမခံဖြင့် ရောင်းချပေးနေသော AUX အမှတ်တံဆိပ် လေအေးပေးစက်များကို ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ ကျင်းပလျက်ရှိသော Yangon International Trade Exhibition 2010 ပြပွဲ၌ United Asia Co.,Ltd. က ပါဝင်ခင်းကျင်းပြသရောင်းချလျက်ရှိသည်။

(အောက်ပုံ)

AUX လေအေးပေးစက်များသည် စွမ်းအင်ချွေတာသည့် Dual Rotor Compressor ပါဝင်သောကြောင့် သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီစေကြောင်း၊ အရည်အသွေးမြင့်ပစ္စည်းများ အသုံးပြုထားရုံသာမက ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူသုံးစွဲနိုင်ကြကြောင်း၊ ထို့အပြင် Auto Restart System ပါရှိခြင်း၊ အအေးနှုန်းလျင်မြန်ခြင်း၊ အအေးဧရိယာ ပိုမိုကျယ်ပြန့်ခြင်း၊ Digital Display ပါရှိခြင်း၊ 4 way System Air-Flow ပါရှိခြင်း၊ Japanese Branded Compressor များ အသုံးပြုထားခြင်း၊ Japanese Branded Circuitများ အသုံးပြုထားခြင်း၊ အရည်အသွေးမြင့်ပစ္စည်းများကိုသာ အသုံးပြုထားသည့်အတွက် Long Time Quality ဖြစ်ခြင်း စသည့် အချက်များကြောင့် သုံးစွဲသူများ၏ ကြိုက်နှစ်သက်ခြင်းကို အထူးရရှိလျက်ရှိကြောင်း သိရသည်။

အရည်အသွေးမြင့်မားပြီး မြန်မာပြည်တွင် ပထမဦးဆုံး လေးနှစ်အာမခံပေးထားသော AUX လေအေးပေးစက်များကို ကုန်စည်ပြပွဲအတွင်းနှင့် ၂၀၁၀ ဒီဇင်ဘာ ၃၁ ရက်အထိ 5% Discount အပြင် Safeguard Free လက်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

AUX အမှတ်တံဆိပ် လေအေးပေးစက်များကို လေ့လာခြင်း၊ ဝယ်ယူအားပေးခြင်းတို့ကို အမြို့မြို့ အနယ်နယ်ရှိ အရောင်းကိုယ်စားလှယ်ကြီးများထံတွင်လည်းကောင်း၊ တစ်ဦးတည်း ကိုယ်စားလှယ်ဖြစ်သည့် United Asia Co.,Ltd. အမှတ်(၂၂၅) အနော်ရထာလမ်းနှင့် လှည်းတန်းလမ်းကြား (၁၁)လမ်းထိပ် လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၁၀၈၃၄၊ ၂၁၈၀၂၁ နှင့် Fax ၀၀၉၅-၁-၂၂၈၃၈၄ တို့သို့ လည်းကောင်း ဆက်သွယ်ဆောင်ရွက်နိုင်ကြကြောင်း သိရသည်။

(သတင်းစဉ်)

မိုးဆက်လက် ထစ်ချုန်းရွာမည်

နေပြည်တော် ဒီဇင်ဘာ ၁၀

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ အနောက်ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများသည် ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းနှင့် ရခိုင်ကမ်းရိုးတန်းဒေသများမှတစ်ဆင့် မြန်မာနိုင်ငံအထက်ပိုင်းဒေသများသို့ ဖြတ်ကျော်ရွေ့လျားလျက်ရှိနေသဖြင့် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးဆက်လက်ထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်ကာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများတိုက်ခတ်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

မိုးရေချိန်စံချိန်သစ်

နေပြည်တော် ဒီဇင်ဘာ ၁၀

ယနေ့ နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဒီဇင်ဘာလ၏ ၂၄ နာရီအတွင်း ရွာသွန်းခဲ့သော မိုးရေချိန်စံချိန်သစ်များကို မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။

စဉ်	စခန်းအမည်	မိုးရေချိန်စံချိန်သစ်		စံချိန်ဟောင်း		ယခင်စံချိန်ကျိုးခဲ့သည့်နှစ်	စံချိန်ကျိုးသည့်နှစ်ပေါင်း
		မီလီမီတာ	လက်မ	မီလီမီတာ	လက်မ		
၁။	ကျောက်ဖြူ	၁၄၄	၅.၆၇	၉၃	၃.၆၆	၂-၁၂-၁၉၇၉	၄၇
၂။	မြောက်ဦး	၈၀	၃.၁၅	၄၁	၁.၆၁	၂၃-၁၂-၂၀၀၅	၃၃
၃။	မောင်တော	၇၈	၃.၀၇	၄၄	၁.၇၃	၂၈-၁၂-၁၉၈၃	၃၈
၄။	ပလက်ဝ	၇၁	၂.၇၉	၃၀	၁.၁၈	၁၅-၁၂-၁၉၉၇	၂၄

(သတင်းစဉ်)

နိုင်ငံတော်ကိုတည်ဆောက်ရာမှာ ဒေသအားလုံး တစ်ချိန်တည်း တစ်ပြိုင်တည်း ဖွံ့ဖြိုးရေးနဲ့ နယ်စပ်ဒေသတွေ ဖွံ့ဖြိုးရေးတို့အတွက် လမ်းပန်းဆက်သွယ်ရေးကို ဦးစားပေးတည်ဆောက်ခဲ့

✪ **ရွှေဖုံးမှ**

ဒါကြောင့် အစိုးရအဖွဲ့ရဲ့တာဝန်ပေးချက်အရ တပ်မတော်ကပဲ အိမ်စောင့်အစိုးရအဖြစ်တာဝန်ယူပြီး နိုင်ငံတော်ကိုတည်ငြိမ်အောင် စောင့်ရှောက်ခဲ့ရတယ်။

၁၉၆၂ ခုနှစ် ရောက်တဲ့အခါ လူမျိုးစွဲ၊ ဒေသစွဲကြီးမားတဲ့ ပုဂ္ဂိုလ်တချို့ကြောင့် ပြည်ထောင်စုကြီး ပြိုကွဲမယ့်အန္တရာယ် ဖြစ်ပေါ်လာတဲ့အတွက် တပ်မတော်က ထိန်းသိမ်းခဲ့ရပြန်တယ်။

သမိုင်းကိုပြန်ကြည့်ရင် တပ်မတော်ဟာ နိုင်ငံတော်မှာ အရေးကြုံတိုင်း ပြည်သူ့ရှေ့က မားမားမတ်မတ် ရပ်တည်ပြီးတော့ အခက်အခဲ အကျပ်အတည်းတွေကြားထဲမှာ ခေတ်ကာလအမျိုးမျိုးကို ဖြတ်သန်းခဲ့ရတဲ့ တပ်မတော်ဖြစ်တယ်ဆိုတာ တွေ့ရလိမ့်မယ်။

ရဲဘော်တို့-

၁၉၈၈ ခုနှစ်က နိုင်ငံတစ်ဝန်းလုံးမှာ အရေးအခင်းကြီး ဖြစ်ပေါ်လာခဲ့တယ်။ အရေးအခင်းကာလမှာ နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေးယန္တရားကြီး ရပ်ဆိုင်းသွားခဲ့ရတယ်။ တိုင်းပြည်ပျက်တော့မယ့်ကိန်း ဆိုက်လာတာကြောင့် တပ်မတော်ဟာ နိုင်ငံတော်ရဲ့တာဝန်ကို မယူရင်မဖြစ်တော့လို့ ဝင်ယူလိုက်ရတယ်။

တပ်မတော်က နိုင်ငံ့တာဝန်ကိုယူလိုက်ရတဲ့အချိန်က နိုင်ငံတစ်ဝန်းလုံးမှာ ပြာပုံနဲ့အပျက်အစီးတွေပဲရှိတယ်။ တပ်မတော်ဟာ နိုင်ငံတော်သစ်ကို တည်ဆောက်ဖို့ တာဝန်ကျလာတဲ့အခါ ဒီ့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံရေးဦးတည်ချက်(၄)ရပ်၊ စီးပွားရေးဦးတည်ချက်(၄)ရပ်နဲ့ လူမှုရေးဦးတည်ချက်(၄)ရပ်တို့ကို ချမှတ်ဆောင်ရွက်ခဲ့တယ်။

ရဲဘော်တို့-

နိုင်ငံရေးဦးတည်ချက်(၄)ရပ်အရ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ဖိဖိစီးစီးဆောင်ရွက်ခဲ့ရတယ်။ နိုင်ငံတော် အေးချမ်းသာယာရေးအတွက် ပြည်တွင်းလက်နက်ကိုင်ဆန့်ကျင်ဘက်အဖွဲ့အားလုံးကို ဥပဒေဘောင်အတွင်းဝင်ရောက်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ လက်တွဲလုပ်ကိုင်ကြဖို့ ဖိတ်ခေါ်ခဲ့တယ်။ ယခုအခါ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြတဲ့အဖွဲ့အစည်း အများအပြားကို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရဲ့ ကွပ်ကဲမှုအောက်မှာ နယ်ခြားစောင့်တပ်များအဖြစ် ပြောင်းလဲဖွဲ့စည်းပေးပြီး စောင့်ရှောက်ထားလျက်ရှိတယ်။

ရဲဘော်တို့-

ခေတ်နဲ့လျော်ညီတဲ့ နိုင်ငံရေးစနစ်တစ်ခု တည်ဆောက်ဖို့အတွက် နိုင်ငံတော်ရဲ့အာဏာသုံးရပ်ကို ဘယ်နည်းဘယ်ပုံ ကျင့်သုံးမယ်ဆိုတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ် လိုအပ်လာတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေးအတွက် အမြော်အမြင်ကြီးမားကာ နိုင်ငံ့အကျိုးကိုလိုလားတဲ့ ကိုယ်စားလှယ်ပေါင်းစုံကို ဖိတ်ကြားပြီး အမျိုးသားညီလာခံကြီးကို ကျင်းပပေးခြင်းဖြင့် တိုင်းရင်းသားတွေအကြားမှာ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ဆောင်ရွက်ခဲ့တယ်။ ယခုအခါ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ကို ပြည်သူတွေက တစ်ခဲနက် ထောက်ခံအတည်ပြုပေးပြီးဖြစ်တယ်။ ပြည်သူတင်မြှောက်တဲ့အစိုးရအဖွဲ့သစ်တွေက ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်တစ်ရပ်ကို ဆက်လက်တည်ဆောက်သွားနိုင်အောင်ဆိုတဲ့ စေတနာနဲ့ တပ်မတော်က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံကောင်းတွေကို အချိန်ရရင်ရသလို မနားမနေ ဆောင်ရွက်ပေးခဲ့တာဖြစ်တယ်။

ရဲဘော်တို့-

ဒီ့တပ်မတော်ဟာ နိုင်ငံတော်ရဲ့စီးပွားရေးကို မြှင့်တင်ရာမှာ ဘိုးစဉ်ဘောင်ဆက်က စိုက်ပျိုးရေးနိုင်ငံဖြစ်လာတဲ့အတွက် စိုက်ပျိုးရေးကို အခြေခံပြီးမှ အခြားစီးပွားရေးကဏ္ဍတွေကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခဲ့တယ်။

မြန်မာ့လယ်ယာကဏ္ဍမှာ ၁၉၈၈ ခုနှစ်အထိ ဆည်တာတမံ ၁၃၈ ခုနဲ့ စပါးစိုက်ဧကဟာ ၁၁ သန်းကျော်သာရှိခဲ့ပြီး မြေလွတ်မြေရိုင်းဧက ၂၆ သန်းကျော်ကို အသုံးမချနိုင်သေးတဲ့အခြေအနေ ဖြစ်ပေါ်နေတယ်။

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၅၃) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

ဒီ့လက်ထက်မှာ ဆည်တမံနဲ့ ရေထိန်းတံခါးတွေ ၂၃၃ခု ထပ်မံ တည်ဆောက်ပေးခဲ့တဲ့အတွက် ယခင်က ဆည်ရေသောက်ဧက တစ်သန်းသုံးသိန်းကျော်ပဲရှိခဲ့ရာက ယခုအခါ ဧက ၂ ဒသမ ၈ သန်းကျော်အထိ ဖြစ်ပေါ်လာခဲ့တယ်။ ဒါ့အပြင် ဆည်တာတမံလုပ်ပေးဖို့ခက်ခဲတဲ့ဒေသတွေမှာ မြစ်ရေတင်လုပ်ငန်း ၃၂၇ ခုနဲ့ မြေအောက်ရေရရှိရေးအတွက် ရေတွင်းပေါင်း ၈၁၆၂တွင်း တူးပေးခဲ့တယ်။ ဒါကြောင့် စိုက်ပျိုးမြေဟာ ယခင်က ဧက၂၃ ဒသမ ၈သန်းကျော်ရှိခဲ့ရာက ယခု ဧကပေါင်း ၅၇ သန်းကျော်အထိ တိုးတက်လာခဲ့တယ်။ ဒါ့အပြင် နိုင်ငံတော်မှာရှိတဲ့ မြေလွတ်မြေရိုင်း ဧက ၂၆ သန်းကျော်အနက် ဧက ၁၁ ဒသမ ၇ သန်းကို စိုက်ပျိုးမြေအဖြစ် ဖော်ထုတ်ပေးနိုင်ခဲ့တယ်။

ဒါကြောင့် ယခင်က စပါးစိုက်ဧက ၁၁ ဒသမ ၈ သန်းကျော်သာရှိရာက ယခုဆိုရင် မိုးစပါးဧက ၁၆ သန်းကျော်နဲ့ နွေစပါးဧက သုံးသန်းကျော်ရှိလာပြီး ဆန်ထွက်ရှိမှုဟာလည်း ယခင်က တစ်နှစ်ကို တင်းသန်းပေါင်း ၆၃၀ ကျော်သာ ထွက်ရှိရာက ယခုအခါ တင်းသန်းပေါင်း ၁၅၆၆ ကျော် ထွက်ရှိနေပြီဖြစ်တယ်။

ဒီ့တပ်မတော်က တာဝန်ယူခဲ့တဲ့ကာလအတွင်း ဒီ့နိုင်ငံဟာ ဆန်စပါးထုတ်လုပ်မှုမြင့်မားတဲ့ နိုင်ငံအဆင့်ကို တက်လှမ်းနိုင်ပြီဖြစ်တဲ့အပြင် ပဲမျိုးစုံနဲ့ ပတ်သက်လာရင်လည်း အရှေ့တောင်အာရှဒေသအတွင်းမှာ ဦးဆောင်နိုင်ငံဖြစ်လာခဲ့ပြီဖြစ်တယ်။ အခြားသီးနှံမျိုးစုံကိုလည်း ယခင်ကထက် အဆပေါင်းများစွာ ပိုမိုထွက်ရှိလာအောင် ဆောင်ရွက်နိုင်ခဲ့တယ်။ ဒီ့နိုင်ငံဟာ လယ်ယာစီးပွားကိုအခြေခံပြီးမှ စက်မှုနိုင်ငံအဖြစ် အဆင့်ဆင့်တက်လှမ်းသွားကြဖို့အတွက် စိုက်ပျိုးရေးအခြေခံကောင်းတွေကို တည်ဆောက်ပေးရခြင်းဖြစ်ကြောင်း ပြောကြားလိုတယ်။

ရဲဘော်တို့-

မြန်မာနိုင်ငံအလယ်ပိုင်းဟာ ရှေးယခင်ကတည်းက မိုးခေါင်ရေရှားရပ်ဝန်းဒေသဖြစ်ပြီး ၁၉၈၈ ခုနှစ်မတိုင်မီကဆိုရင် အလွန်ခြောက်သွေ့တဲ့ သဲကန္တာရအဖြစ် တဖြည်းဖြည်း ကူးပြောင်းတော့မယ့်ဆဲဆဲဖြစ်တယ်။ ဒါကြောင့် သဲကန္တာရဖြစ်သွားမယ့်ဘေးဆိုးက ကာကွယ်ဖို့အတွက် သစ်တောကဏ္ဍအနေနဲ့ (၉)ခရိုင်စိမ်းလန်းစိုပြည်ရေးကို မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်ခဲ့ရပြီး လိုအပ်ချက်ကြောင့် (၁၃)ခရိုင် စိမ်းလန်းစိုပြည်ရေးအထိ တိုးချဲ့ခဲ့ရတယ်။ ယခုဆိုရင် အဲဒီဒေသတွေဟာ စိမ်းလန်းစိုပြည်လာပြီး ရာသီဥတုဟာလည်း တစ်စထက်တစ်စ ပိုမိုကောင်းမွန်လာနေပြီဖြစ်တယ်။ ဒါကြောင့် ဒေသခံတွေရဲ့ သီးနှံ စိုက်ပျိုးမှုလုပ်ငန်းဟာလည်း တိုးတက်ဖြစ်ထွန်းလာခဲ့တယ်။

သစ်တောကဏ္ဍမှာ မြန်မာ့အဖိုးတန် သစ်တောရတနာတွေ ပြုန်းတီးမှုမဖြစ်ပေါ်ရအောင် သစ်တောပြုစုပျိုးထောင်မှုတွေကို နေရာအနှံ့ အင်တိုက်အားတိုက် လုပ်ကိုင်ခဲ့ရတဲ့နည်းတူ ပြည်တွင်းသောင်းကျန်းမှုကြောင့် ပြုန်းတီးခဲ့ရတဲ့ ရိုးမသစ်တောကိုလည်း ရိုးမစိမ်းလန်းစိုပြည်ရေးစီမံကိန်းနဲ့ ပြန်လည်ထိန်းသိမ်းခဲ့ရတယ်။ သစ်တောကဏ္ဍဟာ ကမ္ဘာ့ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ထိန်းသိမ်းပေးတဲ့အတွက် အစဉ်တစိုက် ဆက်လက်ပြုစုစောင့်ရှောက်ကြဖို့ လိုအပ်တယ်။

ရဲဘော်တို့-

နိုင်ငံတော်ကိုတည်ဆောက်ရာမှာ ဒေသအားလုံး တစ်ချိန်တည်း တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာရေး၊ တိုင်းရင်းသားချင်း ချစ်ကြည်ရိုင်းပင်းရေးနဲ့ ဖွံ့ဖြိုးမှုနောက်ကျခဲ့တဲ့ နယ်စပ်ဒေသတွေ ဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် လမ်းပန်းဆက်သွယ်ရေးကို ဦးစားပေးတည်ဆောက်ခဲ့ရတယ်။

ဒါကြောင့် တပ်မတော်ဟာ မြန်မာနိုင်ငံတစ်နံတစ်လျားမှာ လမ်းတွေကို ကွန်ရက်ယှက်သွယ်ပြီး ဖောက်လုပ်ပေးခဲ့တယ်။ ၁၉၈၈ ခုနှစ်က ကတ္တရာလမ်း ၅၅၄၃ ဒသမ ၅ မိုင်အပါအဝင် တစ်နိုင်ငံလုံးမှာ လမ်းမိုင် စုစုပေါင်း ၁၃၆၃၅ မိုင်သာ ရှိခဲ့ရာက ယခုဆိုရင် ကတ္တရာလမ်း ၁၀၃၄၃ ဒသမ ၅ မိုင်အပါအဝင် လမ်းမိုင်ပေါင်း ၂၁၃၆၁ ဒသမ ၂မိုင်အထိ ရှိလာပြီဖြစ်တယ်။ နိုင်ငံတစ်ဝန်း တောင်နဲ့မြောက် သွယ်တန်းနေတဲ့လမ်းမကြီး ၃၆လမ်း၊ အရှေ့နဲ့အနောက် ဆက်သွယ်ပေးတဲ့လမ်းမကြီး ၄၅ လမ်းတို့ကို ပြည်ထောင်စုလမ်းမကြီးတွေအဖြစ် သတ်မှတ်ပြီး ကောင်းသထက်ကောင်းအောင် တည်ဆောက်ပေးလျက်ရှိတယ်။

ထို့အတူပဲ ပဲခူးရိုးမကိုဖြတ်ကျော်တဲ့ လမ်းမကြီးသုံးလမ်းကို ဖောက်လုပ်ပေးပြီးဖြစ်တယ်။ နောက်ထပ် ပဲခူးရိုးမဖြတ်လမ်း လေးလမ်းကိုလည်း ဖောက်လုပ်ဆဲဖြစ်တယ်။

ရဲဘော်တို့-

လမ်းတွေဖောက်လုပ်ရာမှာ ဒီ့နိုင်ငံရဲ့ ရေမြေတောတောင်အနေအထားအရ တံတားဆောက်လုပ်ရေးဟာ ခက်ခက်ခဲခဲ ကြိုးပမ်းရတဲ့ကိစ္စဖြစ်တယ်။ ယခင်က ဒီ့နိုင်ငံမှာ ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်၊ စစ်တောင်း မြစ်ကြီးများမှာ တံတားကြီးတွေ အလွန်ရှားပါးစွာရှိခဲ့ရာက ယခုဆိုရင် မြစ်ကူးတံတားကြီး ၁၇ စင်းကို ဆောက်လုပ်ပေးပြီးဖြစ်တယ်။

ဒါ့အပြင် ဧရာဝတီမြစ်ပေါ်မှာ ဆက်လက်တည်ဆောက်ဆဲ တံတားတွေကတော့ ညောင်တုန်းတံတား၊ မလွန်တံတား၊ ရတနာသိယ်တံတား၊ ပခုက္ကူတံတားနဲ့ စင်းခန်းတံတားတို့ဖြစ်တယ်။ အလားတူပဲ တိုင်းဒေသကြီးများနဲ့ ပြည်နယ်အားလုံးမှာ ပေ ၁၈၀အထက် တံတားအစင်း ၂၅၀ တည်ဆောက်ပေးခဲ့ပြီး တည်ဆောက်ဆဲတံတားက ၃၄ စင်းဖြစ်တယ်။ ပေ ၁၈၀ အောက် တည်ဆောက်ပြီး တံတားတွေကတော့ ၂၉၁၅ စင်းရှိပြီဖြစ်တယ်။

ရဲဘော်တို့-

နိုင်ငံတော်အတွင်း မော်တော်ကားလမ်းတွေ တိုးချဲ့တဲ့နည်းတူ ခရီးသွားများ သက်သာချောင်ချိရေးနဲ့ အဖိုးနည်းဝန်ပါ ကုန်စည်ပို့ဆောင်နိုင်ရေးအတွက် ရထားပို့ဆောင်ရေးကဏ္ဍကိုလည်း တစ်ပြိုင်တည်း ဆောင်ရွက်ခဲ့တယ်။ ၁၉၈၈ ခုနှစ်အထိ ရထားလမ်းခရီးမိုင်ပေါင်း ၁၉၇၆ မိုင်နဲ့ ဘူတာရုံ ၄၈၇ ရုံ သာရှိခဲ့ရာက ယခုဆိုရင် ရထားလမ်းခရီးမိုင် ၃၅၇၉ မိုင်နဲ့ ဘူတာရုံ ၈၉၉ ရုံ ထိ ရှိနေပြီဖြစ်တယ်။ ရထားတံတားစုစုပေါင်း ၁၁၂၈၂ စင်းကျော်ကို ဆောက်လုပ်ပေးခဲ့ရတယ်။

ရထားလမ်းတွေကို ကချင်ပြည်နယ်မှာ ဗန်းမော်အထိ၊ ရှမ်းပြည်နယ်မှာ ကျိုင်းတုံအထိ၊ တနင်္သာရီတိုင်းဒေသကြီးမှာ မြိတ်အထိ၊ မင်းဘူးနဲ့ အမ်းကိုဖြတ်ပြီး ရခိုင်ပြည်နယ် စစ်တွေအထိ နိုင်ငံအနှံ့ လက်ယှက်ထိုးဖောက်လုပ်ပေးလျက်ရှိတယ်။ ပုသိမ်-ကြံခင်းရထားလမ်းကို ပခုက္ကူအထိ တိုးချဲ့ ဖောက်လုပ်ပြီး ပခုက္ကူ-ကလေး ရထားလမ်းနဲ့ ချိတ်ဆက်ပေးတော့မှာဖြစ် တယ်။ ဒါ့အပြင် ကလေးကနေ တမူးအထိ၊ လားရှိုးကနေ မူဆယ်အထိ ဆက်လက်ဖောက်လုပ်မယ့်အပြင် မြစ်ကြီးနား-ဗန်းမော်-သီပေါ-လဲချား ကနေ နမ့်စန်အထိ၊ ကလေး-ကလေးဝ- ယာကြီးကနေ မုံရွာအထိ၊ တောင်ငူ-လိပ်သို-ယာဒို-လွိုင်ကော်ကနေ ဘောလခဲအထိနဲ့ နေပြည်တော်-တပ်ကုန်းကနေ ပင်လောင်းအထိ ရထားလမ်းတွေဖောက်လုပ်ဖို့လည်း လျာထားလျက်ရှိတယ်။

ယခုအခါ နေပြည်တော်ကိုဗဟိုပြုပြီး နေပြည်တော်-ပုဂံ၊ နေပြည်တော်-ပြည်၊ နေပြည်တော်-မန္တလေး၊ နေပြည်တော်-ရွှေညောင်၊ နေပြည်တော်-လွိုင်ကော်၊ နေပြည်တော်-ချောက်၊ နေပြည်တော်-ရန်ကုန် ရထားခရီးစဉ်တွေကို ပြေးဆွဲနေပြီဖြစ်တယ်။

ရဲဘော်တို့-

နိုင်ငံတော်မှာ ကုန်းကြောင်းခရီးသာမက ရေကြောင်းနဲ့ လေကြောင်းခရီးစဉ်တွေကိုလည်း တိုးချဲ့ဆောင်ရွက်ပေးနိုင်ခဲ့တယ်။ ၁၉၈၈ ခုနှစ်က နိုင်ငံတကာသင်္ဘောကြီးတွေ ဆိုက်ကပ်နိုင်တဲ့ ဆိပ်ခံတံတား ၁၂ စင်းသာ ရှိခဲ့ရာက အသစ် ၁၃ စင်း တည်ဆောက်ပေးခဲ့တဲ့အတွက် ယခုဆိုရင် ၂၅ စင်းအထိ ရှိလာပြီဖြစ်တယ်။ ယခင်ကမရှိခဲ့တဲ့ **စာမျက်နှာ ၅ ကော်လံ ၁ သို့**✳

* စာမျက်နှာ ၄ မှ

ကုန်းတွင်းကုန်သေတ္တာလွှင်ပြင်နဲ့ ကုန်သေတ္တာစခန်း သုံးခုကိုလည်း တည်ဆောက်ပေးခဲ့တယ်။ ရန်ကုန်ဆိပ်ကမ်းနဲ့ သီလဝါဆိပ်ကမ်းက တည်ဆောက်မှုတွေ ပြီးစီးသွားရင် ဆိပ်ခံတံတား ၅၂ စင်းအထိ ရှိလာတော့မှာဖြစ်တယ်။

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းမှာ ယခင်က ပင်လယ်သွားသင်္ဘော ငါးစင်းနဲ့ ကမ်းရိုးတန်းသွားသင်္ဘောနှစ်စင်းပဲရှိခဲ့ရာက ယခုဆိုရင် ပင်လယ်သွားသင်္ဘော ၁၆ စင်းနဲ့ ကမ်းရိုးတန်းသွားသင်္ဘော ကိုးစင်းအထိရှိလာပြီ ဖြစ်တယ်။

လေကြောင်းပို့ဆောင်မှုနဲ့ပတ်သက်လို့ ပြောကြားရရင် တပ်မတော်အစိုးရဟာ တစ်နိုင်ငံလုံးမှာ လေယာဉ်ကွင်းအသစ် ခုနစ်ကွင်း တည်ဆောက်ပေးသလို အထူးပြင်ဆင် အဆင့်မြှင့်တင်မှု ၂၁ ကွင်း အပါအဝင် လေယာဉ်ကွင်းဟောင်း ၆၂ ကွင်းကိုလည်း ပြုပြင်ထိန်းသိမ်းမွမ်းမံမှုများ ဆောင်ရွက်ပေးခဲ့တယ်။ လေယာဉ်ခရီးစဉ်ပျံသန်းရေး ဖွံ့ဖြိုးဖို့အတွက် နိုင်ငံတော်ပိုင်နဲ့ ပုဂ္ဂလိကပိုင် တွဲဖက်ပြီး ပြည်တွင်းပြည်ပ ခရီးစဉ်အများအပြားကို တိုးတက်ပြေးဆွဲလျက်ရှိနေပြီဖြစ်တယ်။

ရဲဘော်တို့-

နိုင်ငံတော်အတွင်း သန်း ၆၀ ခန့်ရှိတဲ့ နိုင်ငံသူ၊ နိုင်ငံသားတွေဟာ ရောဂါဘယကင်းရှင်းပြီး အသက်ရှည်စွာနေထိုင်နိုင်ရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ခြင်းလုပ်ငန်းတွေကို တစ်နိုင်ငံလုံးလွှမ်းခြုံ ဆောင်ရွက်ပေးခဲ့တာကြောင့် လူ့သက်တမ်းမြင့်မားလာခြင်း၊ ရောဂါကြီးများရဲ့ ဘေးဆိုး၊ ကပ်ဆိုးမှ ကင်းဝေးလာခြင်း၊ မိခင်နှင့်ကလေး သေနှုန်းကျဆင်းခြင်းဆိုတဲ့ ရလဒ်တွေ ဖြစ်ပေါ်လာခဲ့ပြီဖြစ်တယ်။

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၅၃) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။
(သတင်းစဉ်)

ကျန်းမာရေးကဏ္ဍမြှင့်တင်ရေးအတွက် အရည်အသွေးကောင်းမွန်တဲ့ ပညာရှင်တွေ မွေးထုတ်ပေးနိုင်ဖို့ ဆေးတက္ကသိုလ်လေးခု၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်နှစ်ခု၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်တစ်ခု၊ အခြားကျန်းမာရေးဆိုင်ရာတက္ကသိုလ် ခုနစ်ခု၊ သူနာပြုနှင့်သားဖွားသင်တန်းကျောင်း ၄၆ ကျောင်းတို့ကို ဖွင့်လှစ်ပေးခဲ့တယ်။ နိုင်ငံတကာအဆင့်မီ ဘွဲ့လွန်ဆေးပညာသင်တန်းအမျိုးမျိုးကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိတယ်။

ဒါ့အပြင် ဆေးရုံတွေ ထပ်မံဖွင့်လှစ်ခြင်းနဲ့ အဆင့်မြှင့်တင်ခြင်းတွေကို ဆောင်ရွက်ခဲ့ရာမှာ ယခင်ကတစ်နိုင်ငံလုံးမှာ ဆေးရုံ ၆၃၁ ရုံသာ ရှိခဲ့ရာက ယခုဆိုရင် ဆေးရုံပေါင်း ၈၉၈ ရုံအထိရှိလာပြီဖြစ်တယ်။ အလားတူပဲ ယခင်တိုက်နယ်ဆေးရုံ ၃၀၅ ရုံ ရှိရာကနေ ယခု ၅၀၅ ရုံ၊ ယခင် ကျေးလက်ကျန်းမာရေးဌာန ၁၃၃၇ ခုရှိရာက ယခု ၁၅၀၈ ခု၊ ယခင်ဒေသန္တရကျန်းမာရေးဌာန ၆၄ ခုရှိရာက ယခု ၈၆ ခုအထိ တိုးတက်လာခဲ့ပြီဖြစ်တယ်။

ပြည်သူ့ကျန်းမာရေးကို အနောက်တိုင်းဆေးပညာနဲ့သာမက တိုင်းရင်းဆေးပညာနဲ့ပါ စောင့်ရှောက်နိုင်ဖို့အတွက် ၂၀၀၁ ခုနှစ်မှာ တိုင်းရင်းဆေးတက္ကသိုလ်ကို ဖွင့်လှစ်ပေးခဲ့တယ်။ တိုင်းရင်းဆေးရုံ ၁၄ ရုံနဲ့ တိုင်းရင်းဆေးကုဌာန ၂၃၇ ခုတို့ကို ဖွင့်လှစ်ပေးထားပြီးဖြစ်တယ်။

နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုပေးဖို့အတွက် စီမံချက်ချမှတ်ဆောင်ရွက်ခဲ့ရာမှာ ယခုအခါ နယ်စပ်ဒေသဆေးရုံ ၁၀၀၊ ဆေးခန်း ၉၇ ခန်း၊ ကျေးလက်ကျန်းမာရေးဌာန ၉၄ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၂၀၂ ခုတို့ကို ဖွင့်လှစ်ထားပေးပြီးဖြစ်တယ်။

ရဲဘော်တို့-

ပညာရေးကဏ္ဍမှာ ကျောင်းသားတွေပညာရည်မြင့်မားရေးဟာ ဆရာတွေအပေါ်မှာ တည်မှီနေတာကြောင့် ပညာရေးကောလိပ် ၂၀ ခုကို ဖွင့်လှစ်ပေးခဲ့တယ်။ ဒီနိုင်ငံမှာ ယခင်က အခြေခံပညာကျောင်း ၃၃၇၄၇ ကျောင်း ရှိခဲ့ရာက ယခုဆိုရင် ကျောင်းပေါင်း ၄၀၈၇၆ ကျောင်း ရှိလာပြီဖြစ်တယ်။ ဒါ့အပြင် နည်းပညာထွန်းကားရေးအတွက် အစိုးရနည်းပညာအထက်တန်းကျောင်းပေါင်း ၃၀ ကိုလည်း ဖွင့်လှစ်ပေးခဲ့တယ်။ နယ်စပ်ဒေသတွေမှာလည်း အခြေခံပညာကျောင်းပေါင်း ၁၀၇၄ ကျောင်းကို ဖွင့်လှစ်ပေးခဲ့တယ်။ ဒါဟာ ကျောင်းနေအရွယ်ကလေးငယ်တိုင်း ပညာသင်ကြားခွင့်ရရှိရေးအတွက် ဆောင်ရွက်ပေးခြင်းဖြစ်တယ်။

အဆင့်မြင့်ပညာသင်ကြားပေးတဲ့ တက္ကသိုလ်၊ ကောလိပ်၊ ဒီဂရီကောလိပ်တွေနဲ့ပတ်သက်လို့ ပြောကြားရရင် ယခင်ကပညာရေးဝန်ကြီးဌာနအောက်မှာ တက္ကသိုလ်၊ ကောလိပ်၊ ဒီဂရီကောလိပ် ၂၇ ကျောင်းသာရှိခဲ့ရာက ယခု ၆၄ ကျောင်း၊ ယခင်က နည်းပညာတက္ကသိုလ် တစ်ကျောင်းသာရှိခဲ့ရာက ယခုကျောင်းပေါင်း ၃၂ ကျောင်းနဲ့ နည်းပညာကောလိပ် ၄ ကျောင်း၊ ယခင်က ကွန်ပျူတာတက္ကသိုလ် တစ်ကျောင်းသာရှိခဲ့ရာက ယခု ၂၅ ကျောင်းတို့ကို ဖွင့်လှစ်ပေးနိုင်ခဲ့တယ်။ အခြားဝန်ကြီးဌာနဆိုင်ရာ တက္ကသိုလ် ၂၂ ခုကိုလည်း ဖွင့်လှစ်ပေးခဲ့တယ်။

မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသတက္ကသိုလ်၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်း ကောလိပ်နဲ့ သုတေသနအခြေပြုတက္ကသိုလ်တစ်ခုဖြစ်တဲ့ နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး)တို့ကိုလည်း တစ်ပါတည်း ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်တယ်။ ဒါကြောင့် ယခုအခါ နိုင်ငံတော်မှာ တက္ကသိုလ် ၁၆၁ ခုရှိနေပြီဖြစ်တယ်။

ယခုလို ကျောင်းတွေ၊ တက္ကသိုလ်တွေကို ဖွင့်လှစ်ပေးခြင်းဟာ မိမိနိုင်ငံရဲ့ ကိုယ်ပိုင်စွမ်းပကားနဲ့ ငွေကြေးပမာဏမြောက်မြားစွာ မြှုပ်နှံပြီး နိုင်ငံတစ်ဝန်းလုံး ဒေသအနှံ့မှာရှိတဲ့ ပြည်သူတွေရဲ့ ပညာရည်မြင့်မားရေးအတွက် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ပြောကြားလိုတယ်။

ရဲဘော်တို့-

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ လျှပ်စစ်စွမ်းအားလိုအပ်ချက်ဟာ တစ်ဟုန်ထိုးကြီးမားလာခဲ့တယ်။ ဒီနိုင်ငံမှာ လျှပ်စစ်ဓာတ်အားထုတ်ယူနိုင်တဲ့ ရေသယံဇာတတွေပေါသော်လည်း လက်တွေ့ဆောင်ရွက်ဖို့ရာမှာတော့ ငွေကုန်ကြေးကျများပြားလွန်းခြင်း၊ အချိန်ယူတည်ဆောက်ရခြင်းတို့ကြောင့် ၁၉၈၈ ခုနှစ် မတိုင်မီကဆိုရင် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မှုဟာ ၅၂၉ ဒသမ ၁ မဂ္ဂါဝပ်သာရှိခဲ့တယ်။

ဒီ့တာဝန်ယူပြီးတဲ့နောက် ရေအားလျှပ်စစ်စက်ရုံတွေနဲ့ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံတွေ တစ်ခုပြီးတစ်ခု ကြိုးပမ်းတည်ဆောက်ခဲ့တယ်။ ယခုဆိုရင် ဓာတ်အားပေးစက်ရုံ ၃၁ ရုံမှာ စက်တပ်ဆင်အင်အားမဂ္ဂါဝပ် ၂၈၄၈ ဒသမ ၄ ရှိနေပြီး တည်ဆောက်ဆဲဓာတ်အားပေးစက်ရုံ ၆၂ ရုံမှာ စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၄၁၃၉၃ ဒသမ ၅ နဲ့ ဆက်လက်တည်ဆောက်မယ့် ဓာတ်အားပေးစက်ရုံတစ်ရုံမှာ စက်တပ်ဆင်အင်အား ၂၅ မဂ္ဂါဝပ်ရှိမှာမို့ အားလုံးပြီးစီးတဲ့အခါ ဓာတ်အားပေးစက်ရုံ ၉၄ ရုံမှာ စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၄၄၂၆၆ ဒသမ ၉ ရှိပြီး တစ်နှစ်ထုတ်လုပ်နိုင်မယ့် ကီလိုဝပ်နာရီသန်းပေါင်းဟာ နှစ်သိန်းငါးသောင်းလေးထောင်ကျော်အထိ ထွက်ပေါ်လာလိမ့်မယ်။ တည်ဆောက်ဆဲနဲ့ ဓာတ်အားစတင်ထုတ်လွှတ်နေပြီဖြစ်တဲ့ ရဲရွာစီမံကိန်းနဲ့ ရွှေကျင်စီမံကိန်းတို့ဟာ ယခုနှစ်အတွင်း အပြည့်အဝပြီးစီးမှာ ဖြစ်တယ်။ တချို့စီမံကိန်းတွေကတော့ လာမယ့်နှစ်နှစ်အတွင်း ပြီးစီးလာမှာဖြစ်တယ်။

ယခုလို လျှပ်စစ်ဓာတ်အားပေးစက်ရုံတွေ တည်ဆောက်တဲ့နည်းတူ ဖြန့်ဖြူးပေးနိုင်ဖို့အတွက် မဟာဓာတ်အားလိုင်းတွေ၊ ဓာတ်အားခွဲရုံကြီးတွေ အများအပြားကိုလည်း တစ်ပြေးညီတည်ဆောက်ပေးလျက်ရှိတယ်။

နိုင်ငံတော် လျှပ်စစ်ဓာတ်အားကဏ္ဍကို ကိုယ့်အားကိုယ်ကိုးပြီး ကျားကုတ်ကျားခဲ ကြိုးပမ်းတည်ဆောက်ခဲ့ရတာဖြစ်ကြောင်း ပြောကြားလိုတယ်။

ရဲဘော်တို့-

ယနေ့ ကမ္ဘာပေါ်မှာ နိုင်ငံတိုင်းလိုလိုဟာ စွမ်းအင်ဖူလုံရေးအတွက် ပူပန်သောကရောက်နေကြရတယ်။ ဒီနိုင်ငံဟာလည်း ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ စွမ်းအင်လိုအပ်ချက်ကြီးမားလာတယ်။

ယခင်က ကုန်းတွင်းရေနံမြေ ၁၉ ခု၊ ကုန်းတွင်းရေနံနဲ့ သဘာဝဓာတ်ငွေ့ ပိုက်လိုင်းအရှည် ၂၅၀ ဒသမ ၉၁ မိုင်သာရှိခဲ့တယ်။ ယခုအခါ ကုန်းတွင်းပိုင်းရေနံနဲ့ သဘာဝဓာတ်ငွေ့လုပ်ကွက် ၄၈ ကွက်၊ ကမ်းလွန်ရေတိမ်လုပ်ကွက် ၂၆ ကွက်နဲ့ ကမ်းလွန်ရေနက်လုပ်ကွက် ၂၆ ကွက် စုစုပေါင်း ၁၀၀ ကွက်တို့ကို ဖော်ထုတ်ပြီးပြည်ပကုမ္ပဏီတွေနဲ့ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိတယ်။ သဘာဝဓာတ်ငွေ့ပိုက်လိုင်းအရှည်ဟာ ကုန်းတွင်းမှာ ၁၉၇၉ ဒသမ ၉၁ မိုင်နဲ့ ကမ်းလွန်မှာ ၅၂၀ ဒသမ ၅၂ မိုင်ရှိပြီဖြစ်တယ်။

ဒါ့အပြင် မြန်မာ-တရုတ် ရေနံစိမ်းနဲ့ သဘာဝဓာတ်ငွေ့ပိုက်လိုင်း သွယ်တန်းရေးအတွက် ရေအောက်ပိုက်လိုင်းခြောက်ကီလိုမီတာ အပါအဝင် ကီလိုမီတာ ၈၇၀ ရှည်လျားတဲ့ ပိုက်လိုင်းစီမံကိန်းကို စတင်ဆောင်ရွက်လျက်ရှိတယ်။ ရေနံပေးပို့မယ့် ပိုက်လိုင်းအရွယ်အစားဟာ အချင်း ၃၂ လက်မရှိပြီး ဓာတ်ငွေ့ပို့လွှတ်မယ့်ပိုက်လိုင်း အရွယ်အစားဟာ အချင်း ၄၀ လက်မရှိတယ်။ ဒီပိုက်လိုင်းတွေနဲ့အပြိုင် ကားလမ်းနဲ့ ရထားလမ်းတွေကိုလည်း စီးပွားရေးစင်္ကြံအဖြစ် ဖောက်လုပ်သွားဦးမှာဖြစ်တယ်။ ဒီပိုက်လိုင်းကနေ မြန်မာနိုင်ငံက ရောင်းချတဲ့ သဘာဝဓာတ်ငွေ့တွေ ပို့လွှတ်မှာဖြစ်သလို ပြည်ပကလာတဲ့ ရေနံတွေကိုလည်း ပို့လွှတ်မှာဖြစ်တယ်။ ဒါကြောင့် ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်းကို စတင်အကောင်အထည်ဖော်လျက်ရှိတယ်။ တနင်္သာရီတိုင်းဒေသကြီးမှာလည်း အလားတူဆောင်ရွက်နိုင်ဖို့ ထားဝယ်ရေနက်ဆိပ်ကမ်းကို ဆောင်ရွက်သွားမှာဖြစ်တယ်။ အလားအလာကောင်းတဲ့ ရေနံလုပ်ကွက်အသစ်တွေလည်း ထပ်မံတွေ့ရှိထားပြီးဖြစ်တာကြောင့် ဆက်လက်ဆောင်ရွက်လျက်ရှိတယ်။

စွမ်းအင်ကဏ္ဍကနေ စိုက်ပျိုးရေးကို အထောက်အကူပြုတာကတော့ သဘာဝဓာတ်ငွေ့ကတစ်ဆင့် ဓာတ်မြေဩဇာထုတ်လုပ်နိုင်တာပဲဖြစ်တယ်။ ယခင်က ဓာတ်မြေဩဇာစက်ရုံ သုံးရုံပဲရှိခဲ့ရာက ယခု မှော်ဘီ (မြောင်းတကာ) နဲ့ ပုသိမ်တို့မှာ စက်ရုံတစ်ရုံစီ ထပ်မံတည်ဆောက်လျက်ရှိရာ ပြီးစီးပြီဖြစ်တယ်။

ရဲဘော်တို့-

ဒီနိုင်ငံ လူဦးရေရဲ့ ခုနစ်ဆယ်ရာခိုင်နှုန်းကျော်ဟာ ကျေးလက်ပြည်သူတွေဖြစ်တယ်။ တိုင်းပြည်တိုးတက်ဖို့အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးကို ကွက်လပ်မကျန်အောင် ဆောင်ရွက်ရတယ်။ ကျေးလက်နဲ့ မြို့ပြ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ဖို့အတွက် ခရိုင်ချင်းဆက်လမ်း သုံးလမ်းကို ဖောက်လုပ်ပေးခဲ့တယ်။ ခရိုင်ချင်းဆက် အမှတ်(၁)လမ်းဟာ မန္တလေးကနေ ရန်ကုန်အထိ မိုင် ၄၀၀၊ ခရိုင်ချင်းဆက် အမှတ်(၂)လမ်းဟာ မန္တလေးကနေ မွန်ပြည်နယ်(မုတ္တမ) အထိ ၄၆၂ မိုင်နဲ့ ခရိုင်ချင်းဆက် အမှတ်(၃) လမ်းဟာ ကချင်ပြည်နယ် မြစ်ကြီးနားကနေ စစ်ကိုင်းအထိ ၃၃၉ မိုင် အသီးသီးရှိတာမို့ စုစုပေါင်း လမ်းမိုင် ၁၂၀၀ ကျော်နဲ့ ယခင်က ဆက်သွယ်မှုခက်ခဲလို့ ဝေးလံခေါင်းပါးနေတဲ့ ကျေးရွာတွေကိုဖြတ်ပြီး ဖောက်လုပ်ပေးခဲ့တယ်။ ဒါ့အပြင် ကျေးလက်လမ်း ၃၆၃၁၄ မိုင်နဲ့ ကျေးလက်တံတား ၁၁၂၃၂ စင်းကိုလည်း ဖောက်လုပ်တည်ဆောက်ပေးခဲ့တယ်။

ရဲဘော်တို့-

ကျေးလက်နေပြည်သူတွေ သန့်ရှင်းတဲ့သောက်သုံးရေ ရရှိရေးအတွက် ကျေးရွာပေါင်း ၂၃၈၂၈ ရွာမှာ လုပ်ငန်းပေါင်း ၃၆၁၆၃ ခုကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်တယ်။ အလားတူ ကျေးလက်ကျန်းမာရေး စောင့်ရှောက်မှုမြှင့်တင်ရေး၊ ကျေးလက်ပညာရည်မြှင့်တင်ရေးနဲ့ ကျေးလက်စီးပွားမြှင့်တင်ရေးတို့ကို အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့ကြောင်း ပြောကြားလိုတယ်။

ရဲဘော်တို့-

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အမှတ်(၁)နဲ့ အမှတ်(၂) စက်မှုဝန်ကြီးဌာနတွေအောက်မှာ နိုင်ငံပိုင်စက်ရုံတွေ ဆောက်လုပ်ပေးခဲ့တာ ယခင် ၆၂၄ ရုံပဲရှိရာက ယခုဆိုရင် စက်ရုံ ၆၉၇ ရုံ ရှိပြီဖြစ်တယ်။ ပုဂ္ဂလိကကဏ္ဍအတွက် စက်မှုဇုန် ၂၈ ဇုန် တည်ထောင်ပေးခဲ့တယ်။ ဒါ့အပြင် ပုဂ္ဂလိကကဏ္ဍမှာ လိုအပ်ချက်တွေ ပံ့ပိုးပေးခြင်းနဲ့ နည်းပညာတိုးတက်မြင့်မားလာရေးအတွက် အားပေးမြှင့်တင်ခြင်းတို့ကို ဆောင်ရွက်ပေးတာကြောင့် ၁၉၈၈ ခုနှစ်မှာ ပုဂ္ဂလိကစက်မှုလက်မှုလုပ်ငန်း ၂၆၈၂၉ ခု ရှိခဲ့ရာက ယခုအခါ မှတ်ပုံတင်ထားတဲ့ စက်မှုလက်မှုလုပ်ငန်းပေါင်းဟာ ၆၀၈၆၉ ခုအထိ ရှိလာပြီဖြစ်တယ်။ ဒါ့အပြင် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှာလည်း စက်ရုံကြီး ၅၅ ရုံရှိနေပြီဖြစ်တယ်။

ရဲဘော်တို့-

နိုင်ငံတော်အစိုးရအနေနဲ့ စက်ရုံတွေတည်ဆောက်ပေးခြင်း၊ နိုင်ငံတော်အတွက် စီးပွားရေးနဲ့ လူမှုရေးအခြေခံအဆောက်အအုံတွေ ဆောက်လုပ်ပေးခြင်းတို့ကို ပြုလုပ်ခြင်းဖြင့် အလုပ်လက်မဲ့ပြဿနာကို အလေးထားဖြေရှင်းပေးလျက်ရှိတာ ဖြစ်တယ်။ လူတိုင်း အလုပ်အကိုင် ကိုယ်စီရှိကြအောင် ကြိုးပမ်းပေးခြင်းအားဖြင့် ဆူကြုံနိမ့်မြင့်ကွာဟမှု လျှော့ချရေးနဲ့ ဆင်းရဲမွဲတေမှု တိုက်ဖျက်ရေးတို့ကိုလည်း ဆောင်ရွက်ခြင်းဖြစ်တယ်။

ထို့အတူပဲ လူဦးရေ တစ်နေ့တခြားတိုးပွားလာတာနဲ့အမျှ ပြည်သူတွေရဲ့ နေရေးထိုင်ရေးကို စီစဉ်ပေးဖို့လိုအပ်လာတယ်။ ဒါကြောင့် ရန်ကုန်မြို့၊ မန္တလေးမြို့နဲ့ အခြားမြို့ကြီးတွေမှာ အိုးအိမ်နဲ့တိုက်ခန်းများ တည်ဆောက်ပေးခြင်း၊ မြို့သစ်ရွာသစ်တွေ အများအပြား တည်ထောင်ပေးခြင်းတို့ကို ဆောင်ရွက်ပြီး ပြည်သူကိုနေရာချထားပေးခဲ့တယ်။ အလုပ်လက်မဲ့ပြဿနာ ပြေလည်စေရေးနဲ့ ပြည်သူကို အိမ်ရာတည်ထောင်ပေးရေးတို့ဟာ အစိုးရ အဆက်ဆက် အလေးပေးဆောင်ရွက်ရမယ့် လုပ်ငန်းတွေဖြစ်ကြောင်း ပြောကြားလိုတယ်။

ရဲဘော်တို့-

နိဂုံးချုပ်အနေနဲ့ ပြောကြားရရင် နှစ်ပေါင်းနှစ်ဆယ်အတွင်း နိုင်ငံတော်မှာ ဖွံ့ဖြိုးတိုးတက်မှုမရှိတဲ့ကဏ္ဍဆိုတာ မကျန်ရအောင် ကြိုးပမ်းတည်ဆောက်ခဲ့တဲ့ သမိုင်းမှတ်တိုင်တွေဟာ ပြည်သူ့အတွက် တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့တဲ့ တပ်မတော်ရဲ့ စေတနာကြီးမားမှု သက်သေပဲဖြစ်တယ်။ ရဲဘော်တို့ဟာ ပြည်သူ့တပ်မတော်သားတွေပီသစွာ တပ်မတော်ရဲ့ ဒီအစဉ်အလာတွေအတိုင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်လာတဲ့အစိုးရသစ်ကို ဝိုင်းဝန်းကူညီဆောင်ရွက်ကြရမယ်။ တစ်ဖက်ကလည်း မိမိရဲ့ အဓိကတာဝန်ဖြစ်တဲ့ နိုင်ငံတော်ကာကွယ်ရေးကဏ္ဍကို ကြိုးပမ်းမြှင့်တင်ပြီး မျိုးချစ်တပ်မတော်အဖြစ် ဆက်လက်ရပ်တည်သွားကြဖို့ မှာကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။

(11-12)05.pmd 1 12/11/2010, 4:23 AM

ပျော်ရွှင်စရာ ဒီဇင်ဘာ

❖ မြူမှုန်ဝေနင်း ငြိမ်းချမ်းခြင်း
ပန်းသဇင်လေး မွှေးကြိုင်သင်း
ဒီဇင်ဘာရဲ့ နံနက်ခင်း။

❖ လေပြည်လေညင်း ဖြူးဖြူးလွင်
အေးချမ်း စိတ်ကြည်လင်၊
လန်းလန်းရွှင်ရွှင် ကျန်းမာဖို့
လမ်းလျှောက်ကြပါစို့။

❖ မောင်တို့မယ်တို့ လမ်းလျှောက်လာ
ကိုယ်လက်လှုပ်ရှားကာ၊
တောရောမြို့ပါ ခြိမ့်ခြိမ့်သဲ(သည်း)
အားကစားပွဲ ယှဉ်ပြိုင်နွှဲ
မောင်တို့မယ်တို့ ပျော်တဲ့ပွဲ။ ။

မြတ်သဇင်(ပညာရေးသုတေသန)

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

☆ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်းကာကွယ်စောင့်ရှောက်ရေး။

☆ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။

☆ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီဖြစ်ရာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ ဝိုင်းဝန်းဆက်လက်ကြိုးပမ်းဆောင်ရွက်ရေး။

☆ နိုင်ငံတော်၌ ရရှိထားပြီးဖြစ်သော တည်ငြိမ်အေးချမ်းမှု၊ လုံခြုံမှုနှင့် တရားဥပဒေစိုးမိုးမှု၊ စည်းလုံးညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒီမိုကရေစီဖော်ဆောင်မှု အရှိန်အဟုန်ကို ပိုမိုခိုင်မာစေရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရေး။

☆ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို တည်ဆောက်ရာတွင် ပြည်ထောင်စုကြီး အစွန့်ရှည် တည်တံ့ခိုင်မြဲရေးသည် ပဓာနကျသဖြင့် ပြည်ထောင်စုပြိုကွဲစေရန်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ယိုယွင်းပျက်စီးစေရန် ဖျက်လိုဖျက်ဆီး ကြံစည်အားထုတ် လုပ်ဆောင်လာမှုမှန်သမျှကို တိုင်းရင်းသားအားလုံးက သတိကြီးစွာဖြင့် တားဆီးကာကွယ်ရေး။

ဒီဇင်ဘာ ၄ ရက်က ဒီဇင်ဘာ လူထုအားကစားလလှုပ်ရှားမှုအဖြစ် မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းထူးကျော်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်ပြည်သူများ မြောင်းမြမြို့၌ စုပေါင်းလမ်းလျှောက်ကြစဉ်။

(သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း လေယာဉ်စီးခရီးသည် တိုးတက်များပြား

နေပြည်တော် ဒီဇင်ဘာ ၁၀

အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်းခရီးစဉ်တွင် လက်ရှိအဲယားဘတ်စ် အေ-၃၂၀ နှစ်စင်း၊ အဲယားဘတ်စ် အေ-၃၂၁ တစ်စင်း စုစုပေါင်း လေယာဉ်သုံးစင်းဖြင့် အချိန်မှန် ပျံသန်းပြေးဆွဲလျက်ရှိရာ ဝန်ဆောင်မှုပိုမိုတိုးတက်ကောင်းမွန်လာသဖြင့် ပြည်တွင်း၊ ပြည်ပခရီးသည်များ ယခင်ကထက် ပိုမိုတိုးတက်များပြားလာကြောင်း သိရှိရသည်။

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းသည် နေ့စဉ် ရန်ကုန်-ဗန်ကောက်-ရန်ကုန်၊ ရန်ကုန်-ဗန်ကောက်-စင်ကာပူ-ဗန်ကောက်-ရန်ကုန်နှင့် အပတ်စဉ် စနေနေ့တိုင်း ရန်ကုန်-ဂယာ-ရန်ကုန်ခရီးစဉ်တို့ကို အချိန်မှန်ပြေးဆွဲပေးလျက်ရှိသည်။

ဆက်လက်၍ ဒီဇင်ဘာလအတွင်း စတုတ္ထမြောက် အဲယားဘတ်စ် အေ-၃၂၀ လေယာဉ်သစ်တစ်စင်း ထပ်မံရောက်ရှိလာမည်ဖြစ်ပြီး ရန်ကုန်-ကွမ်ကျိုး-ရန်ကုန်၊ ရန်ကုန်-ဗန်ကောက်-မကာအို-ရန်ကုန်၊ ရန်ကုန်-စီရမ်ရိ-ရန်ကုန်နှင့် ရန်ကုန်-စင်ကာပူ-ဘာလီ-စင်ကာပူ-ရန်ကုန် ခရီးစဉ်များအတွက် ခရီးသည်လိုအပ်ချက်နှင့်အညီ တိုးချဲ့ပြေးဆွဲသွားမည်ဖြစ်သည်။

ခရီးစဉ်များပျံသန်းပြေးဆွဲရာတွင် ခရီးသည်များ အားပေးကြိုက်နှစ်သက်မှုတိုးတက်လာသည့်အတွက် လာမည့်နှစ်ဆန်းပိုင်းတွင် ပဉ္စမမြောက် အဲယားဘတ်စ် အေ-၃၂၀ လေယာဉ်သစ်တစ်စင်း ထပ်မံဝယ်ယူ၍ ကိုရီးယား၊ ဂျပန်၊ ဟောင်ကောင်နှင့် အခြားဒေသများသို့ ခရီးစဉ်တိုးချဲ့ပျံသန်းပြေးဆွဲရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ (သတင်း-ဇော်နိုင်၊ ကြေးမုံ)

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းက နိုင်ငံရပ်ခြားသို့ ပြေးဆွဲပျံသန်းနေသည့် အဲယားဘတ်စ်လေယာဉ်ကြီး။

Electronic & Living Products Show
မန္တလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၀

Conquest Organizing Group က ကြီးမှူး၍ Electronic & Living Products Show ကို ဒီဇင်ဘာ ၁၇ ရက်မှ ၂၀ ရက်အထိ မန္တလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပမည် ဖြစ်သည်။

ပြပွဲတွင် အီလက်ထရွန်နစ်ပစ္စည်းများ၊ ကွန်ပျူတာပစ္စည်းများ၊ နည်းပညာပိုင်းဆိုင်ရာ အသုံးအဆောင်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းများ၊ အိမ်ဆောက်ပစ္စည်းများ၊ အိမ်တွင်းအလှဆင် လုပ်ငန်းများ၊ ပရိဘောဂပစ္စည်းများ၊ အဝတ်အထည်များ၊ အလှကုန်များ၊ မီးဖိုဆောင်သုံး ပစ္စည်းများ၊ အစားအသောက်များ အပါအဝင် လူသုံးကုန်ပစ္စည်းအမျိုးမျိုး ပါဝင်ပြသမည် ဖြစ်သည်။

အဆိုပါပြပွဲတွင် SYH, Myanmar Kowa Co.,Ltd.(Rinnai Gas မီးဖို), I.E.M, Champion Construction Materials Co., Ltd., Asia General Electric, Lucky Home, Family Entertainment, Olympic Electronic, MNZ, Ever Seiko Co., Ltd.,Ocean Glory Furniture,Authentic Co., Ltd., D-Station (Korea Battery), Smart Electronic Dictionary, Technoland, Popular Plastic, Three Friends (ခြင်ဖမ်းစက်-အဝတ်ခြောက်စက်), CHINT, မလိခ Electronic, Sky Net (ရွှေသံလွင် Co., Ltd.) တို့ ပါဝင်ပြသမည်ဖြစ်သည်။

Electronic & Living Products Show တွင် ပါဝင်ပြသလိုသူများသည် Conquest Organizing Group အမှတ်(၁၂) ဒုတိယထပ် ခေမာလမ်း လှည်းတန်း အမှတ်(၈)ရပ်ကွက် ကမာရွတ်မြို့နယ် ဖုန်း ၀၁-၅၁၁၄၃၉၊ ၀၁-၇၃၀၉၄၇၃၄ နှင့် ၀၉-၅၀၈၄၇၃၄တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကင်ဆာမဖြစ်ရန် ဆောင်ရန်၊ ရှောင်ရန်များ

၁။ အဝမလွန်ပါစေနှင့်။
၂။ အဆီနှင့် ဆီများ လျှော့စားပါ။ (တိရစ္ဆာန်နှင့်အသီးအနှံမှရသော ဆီများအားလုံး အကျုံးဝင်သည်)
၃။ အမျှင်များသော အသီးအနှံ အရွက်နှင့် ဆတ်၊ ဂျုံ၊ ပြောင်းများ စားရန်။
၄။ ဗီတာမင်အေနှင့် စီဓာတ်ပါသော အရွက်များစားရန်။
၅။ ဗီတာမင်စီဓာတ်ပါသော အချိုအချဉ်ဓာတ်ရှိသော အသီးများစားရန်။
၆။ ဂေါ်ဖီထုပ်၊ ဂေါ်ဖီစိမ်းထုပ်၊ ပန်းဂေါ်ဖီ၊ ကညွတ်များစားရန်။
၇။ ကွမ်း၊ ဆေးလိပ်နှင့် အရက်သေစာ စားသောက်ခြင်းမှ ရှောင်ရန်။
၈။ ဆားဖြင့် စိမ်ထားသော အစာများ၊ ကျပ်တင်ထားသောအစာများ၊ ယမ်းစိမ်းဖြင့် ပြုပြင်ထားသော အစာများနှင့် အချဉ်သနပ်များ အလွန်အကျွံစားခြင်းမှ ရှောင်ရန်။ (ဥပမာ ငါးခြောက်၊ ဝက်အူချောင်းနှင့် သနပ်များ)
၉။ လေ့ကျင့်ခန်းမှန်မှန်လုပ်ရန်။
၁၀။ နှစ်ပတ်ထက်ကျော်ပြီး သာမန်မဟုတ်သော လက္ခဏာများဖြစ်ပေါ်လျှင် တတ်ကျွမ်းသူနှင့် ပြသရန်။

ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၁-၁၂-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး- မောင်မောင်လတ်)
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈:၀၀ ၇။ ကဗျာပန်းဥယျာဉ်
၈:၁၅ ၈။ အတီးပြိုင်ပွဲ
၈:၂၀ ၉။ တေးဂီတအစီအစဉ်
၈:၃၀ ၁၀။ "ကြိုတင်ပြင်ဆင်ဆောင်ရွက်လျှင် အန္တရာယ်ကင်းစင်မွေးမိခင်"
၈:၄၀ ၁၁။ International News
၈:၄၅ ၁၂။ Local Talent
၉:၀၀ ၁၃။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၁:၅၅ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂:၁၀ ၅။ Yan Can Cook
၁၂:၃၀ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မပြယ်သောချစ်ခြင်း မနွမ်းသောမေတ္တာ"(အပိုင်း-၆၇)**
၁:၂၅ ၇။ "မဟော်သဓာ" (အပိုင်း-၁၁)
၂:၀၅ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၂:၁၀ ၉။ "ခေတ်မီစက်မှုနိုင်ငံသစ်သို့ မျှော်မှန်းရည် နည်းပညာတက္ကသိုလ် (ရတနာပုံဆိုက်ဘာစီးတီး)" (အပိုင်း-၁)
၂:၃၅ ၁၀။ ရုပ်မြင်ရသတေးစုကဏ္ဍ
၂:၅၀ ၁၁။ International News
၃:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၄:၂၀ ၃။ တေးဂီတအစီအစဉ်
၄:၃၀ ၄။ "ဆောင်းပဒေသာ တီးကွက်ဆန်းများ" (နိုင်ငံတော်ဆိုင်းနှင့် မဟာဂီတအဖွဲ့)
၄:၄၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (ရုက္ခဗေဒ၊ သတ္တဗေဒ အထူးပြုများ) (ရုက္ခဗေဒ)
၅:၀၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၁၀ ၇။ တေးဂီတအစီအစဉ်
၅:၂၅ ၈။ International Science News
၅:၃၅ ၉။ "သံမဏိစိတ်ဓာတ်ဖြင့် ဘဝကိုရဲရဲဝံ့ဝံ့ရင်ဆိုင်ကြသူများ" (အပိုင်း-၁)
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၂။ အလှရှာမယ် လှကမ္ဘာဝယ်
၆:၃၅ ၁၃။ ယဉ်တစ်ကိုယ်မယ်
၇:၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စမ်းရေပမာ" (အပိုင်း-၄)**
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (အပိုင်း-၈၁)**
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဘဝမိုးတိမ်" (အပိုင်း-၁၇)**
၂၀။ ဂီတတံခါးလေးဖွင့်ပါဦး
၂၁။ အစီအစဉ်ပြီး၏။

ဂျော်ဒန်နိုင်ငံ၏ ပထမဆုံးအမျိုးသမီး ခရိုင်တရားသူကြီးချုပ်အဖြစ် ခန့်အပ်ခံရသော အီဆန်ဘာရာကတ်။

ခရိုင်တရားသူကြီးချုပ်နေရာတွင် အမျိုးသမီးတစ်ဦးကို ပထမဆုံးအကြိမ်အဖြစ် ဂျော်ဒန်ခန့်အပ်

အမ္မန် ဒီဇင်ဘာ ၁၀

ဂျော်ဒန်နိုင်ငံ အမ္မန်မြို့တော်၏ ခရိုင်တရားသူကြီးချုပ်အဖြစ် အမျိုးသမီးတစ်ဦးကို ဂျော်ဒန်အစိုးရက ဒီဇင်ဘာ ၉ ရက်တွင် ခန့်အပ်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

အမေရိကန်လိုလားသော အာရပ်ဘုရင့်နိုင်ငံတစ်နိုင်ငံဖြစ်သည့် ဂျော်ဒန်နိုင်ငံ၌ တရားရေးဆိုင်ရာ ထိပ်တန်းရာထူးနေရာ တစ်နေရာတွင် အမျိုးသမီးတစ်ဦးကို ပထမဆုံးအကြိမ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

ထမ်းဆောင်မည်

အသက် (၄၆)နှစ်အရွယ် ကလေးနှစ်ဦးမိခင် တရားသူကြီး အီဆန်ဘာရာကတ်သည် ၎င်း၏ရာထူးနေရာကို လာမည့် တနင်္ဂနွေနေ့တွင် စတင်တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဂျော်ဒန်တရားရေးကောင်စီ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဘာရာကတ်သည် အမ္မန်မြို့တော်၌ အမျိုးသမီးတစ်ဦးသာ ပါဝင်သော တရားသူကြီး ၆၀ ပါအုပ်စုကို ခေါင်းဆောင်၍ တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များကို စီမံခန့်ခွဲရမည်ဖြစ်ကြောင်း ဂျော်ဒန်နိုင်ငံ၏ အမြင့်ဆုံးတရားရေးဆိုင်ရာ အာဏာပိုင်အဖွဲ့ဖြစ်သည့် တရားရေးကောင်စီက ပြောကြားသည်။

ဂျော်ဒန်နိုင်ငံတစ်ဝန်း အခြားခရိုင်များ၌ ခရိုင်တရားသူကြီးချုပ်တာဝန်များကို အမျိုးသားများကသာ ထမ်းဆောင်သည်။

ဂျော်ဒန်နိုင်ငံ အယူခံတရားရုံးတွင် တရားသူကြီးအဖြစ် ရှစ်နှစ်ကြာတာဝန်ထမ်းဆောင်ခဲ့သော ဘာရာကတ်ကို ခရိုင်တရားသူကြီးချုပ်အဖြစ်ခန့်အပ်ခြင်းသည် ဂျော်ဒန်နိုင်ငံတွင်သာမက အာရပ်ကမ္ဘာတစ်ခုလုံးရှိ အမျိုးသမီးများအတွက် သတင်းကောင်းဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။ **အေပီ။**

ဘိုလီးဗီးယား၏ စွပ်စွဲမှုကြောင့် ကုလရာသီဥတုပြောင်းလဲမှုဆိုင်ရာ ထိပ်သီးညီလာခံ အတိမ်းအစောင်းမခံသည့် အခြေအနေသို့ ရောက်ရှိ

ကန်ကွန် ဒီဇင်ဘာ ၁၀

မက္ကဆီကိုနိုင်ငံ ကန်ကွန်မြို့၌ ကျင်းပလျက်ရှိသော ကမ္ဘာကြီးပူနွေးလာမှု တိုက်ဖျက်ရေး ညီလာခံသည် ဘိုလီးဗီးယားနိုင်ငံ၏ စွပ်စွဲမှုများနှင့် တောင်းဆိုမှုများကြောင့် အတိမ်းအစောင်းမခံသော အခြေအနေသို့ ရောက်ရှိခဲ့ကြောင်း ဒီဇင်ဘာ ၉ ရက် သတင်းများတွင် ဖော်ပြသည်။

အရင်းရှင်နိုင်ငံကြီးများ၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒများသည် လူသားမျိုးနွယ်စုကို စနစ်တကျမျိုးဖြုတ်နေကြောင်း ဘိုလီးဗီးယားနိုင်ငံက စွဲချက်တင်ပြောကြားခဲ့သည်။

ကုလသမဂ္ဂ၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကျိုတိုသဘောတူစာချုပ်ကို ဆက်လက်အကောင်အထည်ဖော်ရေးနှင့် ပတ်သက်၍ ဆင်းရဲသည့်နိုင်ငံများနှင့် ချမ်းသာသည့်နိုင်ငံများအကြား သဘောမတူမှုမှုသည် ရက်သတ္တနှစ်ပတ်ကြာ ကန်ကွန်မြို့ ရာသီဥတုပြောင်းလဲမှုညီလာခံကို အရိပ်ထိုးဆဲဖြစ်သည်။

ဖွံ့ဖြိုးပြီးနိုင်ငံများအနေဖြင့် အမိမြေကြီးကိုကာကွယ်ရန် ကျိုတိုသဘောတူညီချက်အရ ဖန်လုံအိမ်ဓာတ်ငွေ့လျှော့ချမှုကို တစ်ဆင့်ချင်းလုပ်ဆောင်သင့်ကြောင်း လက်ဝဲဝါဒီ ဘိုလီးဗီးယားသမ္မတ အီဗိုမော်ရေးလက်စ်က ထပ်ပြန်တလဲလဲတောင်းဆိုခဲ့သည်။

စက်မှုတော်လှန်ရေးကာလမှစ၍ ဖန်လုံအိမ်အာနိသင်ရှိ ဓာတ်ငွေ့များထွက်ပေါ်မှု၏ နောက်ဆက်တွဲ ဖြစ်ပွားသော မိုးခေါင်မှု၊ ရေကြီးမှု၊ ကန္တာရများဖြစ်ထွန်းမှု၊ မုန်တိုင်းဖြစ်ပေါ်မှုနှင့် ပင်လယ်ရေမြင့်တက်လာမှုတို့ကြောင့် ကမ္ဘာပေါ်တွင် နှစ်စဉ် လူသုံးသိန်းမျှ သေဆုံးခဲ့ရကြောင်း ဘိုလီးဗီးယားသမ္မတက ပြောကြားသည်။

အရင်းရှင်စနစ်နှင့် ကမ္ဘာမြေကြီး တစ်ခုခုကို ရွေးချယ်ရတော့မည်ဖြစ်ကြောင်း၊ ရာသီဥတု ပြောင်းလဲမှုနှင့်ပတ်သက်၍ တစ်ကမ္ဘာလုံးဆိုင်ရာ ဆန္ဒခံယူပွဲလုပ်သင့်ကြောင်း မော်ရေးလက်စ်က အကြံပြုခဲ့သည်။ **အမ်အင်အေ၊ ရိုက်တာ။**

ပါလက်စတိုင်းသမ္မတ ရာထူးမှထွက်ပါက ဆက်ခံမည့်သူ မရွေးချယ်ရသေး

ရာမာလာ ဒီဇင်ဘာ ၁၀

အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ပြန်လည်စတင်ရေးနှင့် ပတ်သက်၍ အမေရိကန်အစိုးရ၏ကြိုးပမ်းမှုများ သဲထဲရေသွန်ဖြစ်နေရချိန်တွင် အခြားသိမ်မွေ့သော ပြဿနာတစ်ရပ်ကိုလည်း အရှေ့အလယ်ပိုင်းဒေသတွင် တွေ့မြင်လာရကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

ယင်းပြဿနာသည် ဆေးလိပ်ကို လက်ကမချတမ်း သောက်သုံးသူတစ်ဦးဖြစ်သော အသက် (၇၆)နှစ် အရွယ်ရှိ ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ် နုတ်ထွက်မည့်အခြေအနေကြုံလာပါက ၎င်း၏နေရာကို မည်သူကဆက်ခံမည်၊ မည်သို့ရွေးချယ်မည် ဆိုသည်ကို ကြိုတင်ပြင်ဆင်ထားမှု မရှိခြင်းဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

အရှေ့အလယ်ပိုင်း ဒေသဆိုင်ရာ အမေရိကန်နိုင်ငံ၏ မူဝါဒများအရ အကြမ်းဖက်မှုကို ဆန့်ကျင်သော ပါလက်စတိုင်း ခေါင်းဆောင်တစ်ဦး ရရှိထားခြင်းသည် အဓိကသော့ချက်ဖြစ်သည်။

ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်။

အရှေ့အလယ်ပိုင်းဒေသဆိုင်ရာ အမေရိကန်၏မူဝါဒများကို ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်က လွှန်ခဲ့သည့်ခြောက်နှစ်ကပင် ဖြည့်ဆည်းပေးခဲ့ပြီး ကြိုတင်ပြင်ဆင်မှုမရှိသော ရာထူးနေရာ ဆက်ခံမှုများသည် မာမွတ်အဘတ်စ် နောက်ရှိလာမည့် မည်သည့် ပါလက်စတိုင်း ခေါင်းဆောင်သစ်များကိုမဆို ဆိုးဆိုးရွားရွား အကျိုးသက်ရောက်နိုင်မည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

ရာထူးဆက်ခံရေးကိစ္စနှင့်ပတ်သက်၍ သမ္မတ မာမွတ်အဘတ်စ်က ဆတ်ဆတ်ထိမခံသည့်အားလျော်စွာ ယင်းကိစ္စနှင့် ပတ်သက်လာပါက ပါလက်စတိုင်း ထိပ်တန်းခေါင်းဆောင်များထဲ၌ပင် ပွင့်ပွင့် လင်းလင်း ဆွေးနွေးခဲလှကြောင်း သတင်းတွင် ဖော်ပြသည်။ **အေပီ။**

ဒုတိယကမ္ဘာစစ်အပြီး ပြင်သစ်နိုင်ငံ၌ ဂျာမန်တပ်ဖွဲ့ ပထမဆုံးအကြိမ်တပ်စွဲ

ပါရီ ဒီဇင်ဘာ ၁၀

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသွားပြီးသည့်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ဂျာမန်တိုက်ခိုက်ရေးတပ်ဖွဲ့တစ်ဖွဲ့သည် ပြင်သစ်နိုင်ငံပိုင်နက်မြေပေါ်၌ တပ်စွဲခဲ့ကြောင်း သောကြာနေ့ အင်တာနက်သတင်းတစ်ပုဒ်၌ ဖော်ပြသည်။

ဥရောပသမဂ္ဂ၏ အင်အားကြီးနိုင်ငံနှစ်နိုင်ငံသည် တစ်ချိန်က အမုန်းတရားများကို ထာဝရမြှုပ်နှံ လိုက်ပြီဖြစ်ကြောင်းပြသသည့် အနေဖြင့် ဂျာမန်တပ်ဖွဲ့များကို ပြင်သစ်မြေပေါ်၌တပ်စွဲခွင့်ပြုခဲ့ခြင်းဖြစ်သည်။

ပြင်သစ်နိုင်ငံအရှေ့ပိုင်း၌ သောကြာနေ့နှောင်းပိုင်းတွင် ကျင်းပမည့်အခမ်းအနားသို့ နှစ်နိုင်ငံကာကွယ်ရေးဝန်ကြီးများ တက်ရောက်မည်ဖြစ်ပြီး ပြင်သစ်-ဂျာမန် ပူးတွဲတပ်မဟာတွင် ပါဝင်သော ဂျာမန်တပ်ရင်းတစ်ရင်းက လက်နက်များလက်ခံရယူမည်ဖြစ်သည်။

ပြင်သစ်နိုင်ငံ၌ဂျာမန်တပ်ဖွဲ့ဝင်များရောက်ရှိနေခြင်းသည် နှစ်နိုင်ငံ ခေါင်းဆောင်များနှင့် နှစ်နိုင်ငံပြည်သူများ၏ အသိတရားတို့ဖြင့် ရာစုနှင့်ချီ၍ရှိသော ပြဿနာများကို အဆုံးသတ်လိုက်ကြသည့် သင်္ကေတဖြစ်ကြောင်း ပြင်သစ်ကာကွယ်ရေးဝန်ကြီးက ပြောကြားသည်။

ပြင်သစ်-ဂျာမန်တပ်မဟာကို ၁၉၈၉ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။ သို့သော် ယခုနှစ်မတိုင်မီအထိ ပြင်သစ်မြေ၌ ဂျာမန်တပ်ဖွဲ့များ တစ်ကြိမ်မျှ ခြေမချဖူးသေးဘဲ ပြင်သစ်တပ်ဖွဲ့ကသာ ဂျာမန်မြေ ၌တစ်ကြိမ်သာ တပ်စွဲခဲ့သည်။ **အေပီ။**

ဗြိတိန်မှ ပြည်နှင်ဒဏ်ပေးမှု ရုရှားသူလျှိုမယ်၏ ရှေ့နေထုချေ

လန်ဒန် ဒီဇင်ဘာ ၁၀

သူလျှိုလုပ်ကြောင်း မသင်္ကာမှုဖြင့် ဗြိတိန်နိုင်ငံတွင် ထိန်းသိမ်းခံထားရသော ရုရှားအမျိုးသမီးကို ချမှတ်ခဲ့သည့် ပြည်နှင်ဒဏ်အမိန့်နှင့် ပတ်သက်၍ ၎င်း၏ရှေ့နေက ဒီဇင်ဘာ ၉ ရက်တွင် ထုချေလျှောက်လဲခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ဗြိတိန်ပါလီမန် လစ်ဘရယ်ဒီမိုကရက်တစ်အမတ် မိုက်ခ်ဟန်းကော့စ်ထံတွင် လက်ထောက်တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်သူ ရုရှားအမျိုးသမီး အီကာတာရီနာဇာတူလီဗက်တာကို သူလျှိုမှုဖြင့် ပြီးခဲ့သည့် သီတင်းပတ်က ထိန်းသိမ်းကာ ရုရှားနိုင်ငံသို့ ပြည်နှင်ဒဏ်ပေးခဲ့သည်။

ဇာတူလီဗက်တာသည် ပညာတတ်အမျိုးသမီးတစ်ဦးဖြစ်ပြီး ၎င်း၏အလှကို အသုံးချ၍ ပါလီမန်အတွင်းစည်းသို့တိုင် စိမ့်ဝင်ရန် ကြိုးစားနေသော ရုရှားသူလျှို မာယာရှင်တစ်ဦးအဖြစ် ဗြိတိန်မီဒီယာများက လွဲမှားစွာကင်ပွန်းတပ်ခြင်းခံနေရသော အပြစ်မဲ့မိန်းမသားတစ်ဦးသာဖြစ်ကြောင်း ဇာတူလီဗက်တာ၏ရှေ့နေ တက်ဆာဂရိုဂိုရီက လျှောက်လဲခဲ့သည်။

ဇာတူလီဗက်တာ၏ အလှဓာတ်ပုံများကို ယခုသီတင်းပတ်အတွင်း ဗြိတိန်မီဒီယာများ၌ ဝေဝေဆာဆာဖော်ပြခဲ့သည်။ အချို့သော သတင်းဖော်ပြချက်များတွင် ဗြိတိန်ပါလီမန်၏ ကာကွယ်ရေးမူဝါဒဆိုင်ရာ ကော်မတီဝင် မိုက်ခ်ဟန်းကော့စ်သည် ကာကွယ်ရေးမူဝါဒဆိုင်ရာ အချက်အလက်များကို ဇာတူလီဗက်တာသို့ ပေးအပ်ခဲ့ကြောင်း စွပ်စွဲခဲ့ကြသည်။

ဇာတူလီဗက်တာသည် ဗြိတိန်နိုင်ငံ၏ အမျိုးသားလုံခြုံရေးအတွက် ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်ကြောင်း အစိုးရအနေဖြင့် သက်သေပြနိုင်ခဲ့ခြင်းမရှိဟု ရှေ့နေ ဂရိုဂိုရီကဆိုသည်။

ရုရှားနိုင်ငံသူ ဇာတူလီဗက်တာကို လန်ဒန်မြို့မြောက်ဘက် မိုင် ၆၀ ခန့်အကွာရှိ ထိန်းသိမ်းရေးစခန်းတစ်ခုတွင်ထားရှိကြောင်း သတင်းတွင် ဖော်ပြသည်။ **အေပီ။**

မက္ကဆီကိုမြို့တစ်မြို့အဝင်လမ်းများ၌ မော်တော်ယာဉ်များကို မီးရှို့၍ မူးယစ်ဂိုဏ်းသားများပိတ်ဆို့

မိုရယ်လီယာ ဒီဇင်ဘာ ၁၀- မက္ကဆီကိုနိုင်ငံအနောက်ပိုင်း မီချိုအာကန်ပြည်နယ်ရှိ မိုရယ်လီယာမြို့အဝင်လမ်းများကို သေနတ်သမားများက မော်တော်ယာဉ်များကို မီးရှို့၍ ဒီဇင်ဘာ ၉ ရက်က ပိတ်ဆို့ခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

သေနတ်သမားများသည် မိုရယ်လီယာမြို့အဝင်လမ်းမကြီး ငါးခုပေါ်သို့ လူခွဲရောက်ရှိလာကာ ယင်းလမ်းများပေါ်ရှိ မော်တော်ယာဉ်များကို သေနတ်ပစ်ဖောက် ခြိမ်းခြောက်၍ လုယူခဲ့ကြကြောင်း မီချိုအာကန်ပြည်နယ် ရှေ့နေချုပ်ရုံး ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

မီချိုအာကန်ပြည်နယ်တွင် မူးယစ်ဂိုဏ်းများနှင့် ဆက်နွယ်သောအကြမ်းဖက်မှုများ ဒုတိယမြောက်နေ့အဖြစ် ဆက်လက်ဖြစ်ပွားလျက်ရှိပြီး ရှစ်လသားအရွယ်ကလေးတစ်ဦးအပါအဝင် အနည်းဆုံး လူသုံးဦး သေဆုံးခဲ့ကြရပြီဖြစ်သည်။

မီချိုအာကန်ပြည်နယ် မိုရယ်လီယာမြို့အဝင်လမ်းပေါ်တွင် မီးရှို့ဖျက်ဆီး၍ ပိတ်ဆို့ထားသော မော်တော်ယာဉ်များ။

တန်ပြန်နည်းဗျူဟာ

ယခုကဲ့သို့ မော်တော်ယာဉ်များကို မီးရှို့ဖျက်ဆီး၍ ပိတ်ဆို့မှုများ ပြုလုပ်ခြင်းသည် အရှိန်မြင့်တက်နေသည့် မက္ကဆီကိုနိုင်ငံ၏ မူးယစ်ဂိုဏ်းများတိုက်ဖျက်ရေးစစ်ပွဲအတွင်း မူးယစ်ဂိုဏ်းများက တန်ပြန်လုပ်ဆောင်လာသော နည်းဗျူဟာတစ်ရပ်ဖြစ်လာကြောင်း သတင်းများတွင် ဖော်ပြသည်။

မီချိုအာကန်ပြည်နယ်သည် မက္ကဆီကိုအစိုးရတပ်ဖွဲ့ဝင်များကို အကြမ်းဖက်တိုက်ခိုက်လေ့ရှိခြင်းကြောင့် နာမည်ကြီးသော “သွေးရင်းညီနောင်မူးယစ်ဂိုဏ်း (La Famila)” ကြီးစိုးရာဒေသ ဖြစ်သည်။

မော်တော်ယာဉ်များမီးရှို့ပြီး မိုရယ်လီယာမြို့ အဝင်လမ်းများအားပိတ်ဆို့ခြင်းကို မူးယစ်ဂိုဏ်းများက တစ်လလျှော့လျှော့ အချိန်အတွင်း ဒုတိယအကြိမ်မြောက်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ **အေပီ။**

ဂုဏ်ပြုချီးမြှင့်စကားပြောကြား

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စစ်တက္ကသိုလ်ကျောင်း ဌာနချုပ်ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းလေးဦးနှင့် မိဘများအား ဂုဏ်ပြုချီးမြှင့်စကား ပြောကြားစဉ်။ (သတင်းစဉ်)

☆ ကျောဖုံးမှ

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုး၊ ဗိုလ်ချုပ်အောင်သန်းထွဋ်၊ ဗိုလ်ချုပ်စိုးဝင်း၊ စစ်ရေးချုပ် ဗိုလ်ချုပ်ခင်ဇော်ဦး၊ စစ်ထောက်ချုပ် ဗိုလ်ချုပ်ဝေလွင်၊ တပ်မတော်စစ်ဆေးရေးအရာရှိချုပ် ဗိုလ်ချုပ်သောင်းအေး၊ စစ်ရာထူးခန့်ချုပ် ဗိုလ်ချုပ်ဝင်းမြင့်၊ စစ်ဥပဒေချုပ် ဗိုလ်ချုပ်ရာပြည့်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်စိန်ဝင်း၊ ဗိုလ်ချုပ်ကျော်ဆွေ၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး လှဌေးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သိန်းဌေး၊ တပ်မတော်စစ်ဆေးရေးနှင့် စာရင်းစစ်ချုပ် (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကျော်ဖြိုး၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဇေယျာအောင်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော်ဇော၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဆန်းဦး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ ဖြစ်ကြသည့် ဦးခင်မောင်မြင့်၊ ဦးသောင်း၊ ဦးအုန်းမြင့်၊ ဦးဇော်မင်း၊ ဦးသိန်းဇော်၊ ဦးလွန်းသီ၊ ဒေါက်တာကျော်မြင့်၊ ဒေါက်တာချမ်းငြိမ်း၊ ဦးလှထွန်းနှင့် ဦးသိန်းအောင်၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ဇော်ဝင်း၊ ညွှန်ကြားရေးမှူးများဖြစ်ကြသည့် ဗိုလ်ချုပ်မြဝင်း၊ ဗိုလ်ချုပ်လှမြင့်၊ ဗိုလ်ချုပ်ကျော်ညွှန့်၊ ဗိုလ်ချုပ်သန်းစိုး၊ ဗိုလ်ချုပ် မောင်မောင်အုန်း၊ ဗိုလ်မှူးချုပ် လှမြင့်၊ ဗိုလ်ချုပ်သန်းအောင်၊ ဗိုလ်မှူးချုပ် နေလင်း၊ ဗိုလ်မှူးချုပ် တင်မောင်ဝင်း၊ ဗိုလ်ချုပ်သန်းဌေး၊ ဗိုလ်ချုပ်လှိုင်မြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြင်ဦးလွင် တပ်နယ်မှူး ဗိုလ်မှူးချုပ် မြထွန်းဦး၊ မန္တလေးမြို့တော်ဝန် ဦးဖုန်းဇော်ဟန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အလေးပြုခြင်းခံယူ

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စစ်တက္ကသိုလ် ဗိုလ်လောင်းတပ်ရင်းများ၏ အလေးပြုခြင်းကို ခံယူသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၅၃)မှ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်း အမှတ်(၂၆၅၄၃) ဗိုလ်လောင်းအောင်နိုင်ဦး၊ လေ့ကျင့်ရေး ထူးချွန်ဆုရရှိသူ ဗိုလ်လောင်း အမှတ် (၂၆၅၄၅) ဗိုလ်လောင်းအောင်ပြည့်၊ စာပေထူးချွန်(သိပ္ပံ)ဆုရရှိသူ ဗိုလ်လောင်းအမှတ် (၂၆၀၆၃) ဗိုလ်လောင်း လွင်ထူး၊ စာပေထူးချွန်(ကွန်ပျူတာ) ဆုရရှိသူ ဗိုလ်လောင်းအမှတ်(၂၅၆၁၀) ဗိုလ်လောင်း နိုင်လင်းအောင်တို့အား ဆုများအသီးသီး ချီးမြှင့်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အောင်စစ်သည်ဆုရ ဗိုလ်လောင်းအောင်နိုင်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဗိုလ်လောင်းတပ်ရင်းများအား မိန့်ခွန်းပြောကြားသည်။

ပြန်လည်ထွက်ခွာ

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဗိုလ်လောင်းတပ်ရင်းများ၏ အလေးပြုခြင်းကို ခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသွားသည်။

တွေ့ဆုံ

စစ်ရေးပြအခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စစ်တက္ကသိုလ်ကျောင်းဌာနချုပ် ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းလေးဦးနှင့် ယင်းတို့၏ မိဘများအား တွေ့ဆုံ၍ ဂုဏ်ပြုချီးမြှင့်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အစိုးရ အရာထမ်းများအတွက် အပြည်ပြည်ဆိုင်ရာ ဥပဒေများ သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဂျီနီဗာမြို့ ကုလသမဂ္ဂလေ့ကျင့်ရေးနှင့် သုတေသနဌာန (ယူနီတာ)တို့ ပူးပေါင်းဖွင့်လှစ်သည့် အစိုးရ အရာထမ်းများအတွက် အပြည်ပြည်ဆိုင်ရာဥပဒေများ သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ညနေ ၆နာရီခွဲတွင် ရန်ကုန်မြို့ Chatrium Hotel ၌ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ယဉ်ယဉ်မြင့်က သင်တန်းဆင်းအမှာ စကားပြောကြားသည်။

ထို့နောက် Total E&P Myanmar မှ အထွေထွေမန်နေဂျာ Mr. Nicolas Terraz က သင်တန်းနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များကို ပြောကြားပြီး ကုလသမဂ္ဂ လေ့ကျင့်ရေးနှင့် သုတေသနဌာန(ယူနီတာ)မှ သင်တန်းတာဝန်ခံ Ms.Amastasia Outkine က အပြည်ပြည်ဆိုင်ရာဥပဒေသင်တန်းနှင့် သက်ဆိုင်သည့် လေ့လာသုံးသပ်ချက်များကို ရှင်းလင်းပြောကြားသည်။

သင်တန်းသို့ ဝန်ကြီးဌာနများနှင့် တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့မှ သင်တန်းသား၊ သင်တန်းသူ အရာထမ်း ၅၉ဦး တက်ရောက်ခဲ့ပြီး အပြည်ပြည်ဆိုင်ရာ ပတ်ဝန်းကျင်ဥပဒေနှင့် ပင်လယ်ပြင်ဥပဒေဘာသာရပ်များ၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဥပဒေ၊ အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် အပြည်ပြည်ဆိုင်ရာ မူပိုင်ခွင့်ဥပဒေဘာသာရပ်များကို သင်ကြားပို့ချပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံခြားဘာသာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ယဉ်ယဉ်မြင့် အပြည်ပြည်ဆိုင်ရာ ဥပဒေများ သင်တန်းဆင်းပွဲတွင် သင်တန်းဆင်း လက်မှတ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

အထက(၁) သဃ်န်းကျွန်း (၁၉၅၄မှ ၁၉၇၅/၇၆) မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၀

အထက(၁) သဃ်န်းကျွန်းတွင် ၁၉၅၄ ခုနှစ်မှ ၁၉၇၅/၇၆ ခုနှစ်အထိ ပညာသင်ကြားပေးခဲ့ကြသော အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများ အားပူဇော်ကန်တော့ပွဲကို ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဒေါ်ဝင်းမြင့် (ကျောင်းအုပ်ဆရာမကြီး) ဖုန်း-၅၆၁၄၁၂၊ ၅၆၅၉၆၆၊ ဦးသိန်းလွင် (မျက်မမြင်များ မိတ်သဟာယ) ဖုန်း-၀၉-၅၁၂၃၈၇၃၊ ဦးအောင်ကျော်ဟိန်း ဖုန်း-၅၇၉၀၂၂၊ ဦးညွန့်ရွှေ ဖုန်း-၅၆၄၇၄၇၊ ဒေါ်စွမ်အင်း ဖုန်း-၅၇၃၉၃၈၊ ဦးခင်ညိုထွန်း ဖုန်း-၀၉-၅၁၄၉၅၅၄၊ ဦးကျင်သိန်း (ထွန်းဘဏ္ဍာ လက်ဖက်ရည်ဆိုင်) ဖုန်း-၀၉-၄၉၂၁၇၅၄၅၊ ဦးမွန်ကြိုင်(အေဝမ်းသကြားလုံး၊ မန္တလေး) ဖုန်း-၀၉-၂၀၀၂၀၆၅၊ ဦးခင်လှိုင် ဖုန်း-၇၃၀၂၂၉၄၉နှင့် ဦးဝင်းမြင့် ဖုန်း- ၀၉-၅၄၁၇၂၉၅၊ ၅၀၇၂၉၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (ကြေးမုံ)

ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၀

WISE (ABE)က ကြီးမှူး၍ Globalization and Regional Integration ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို ဒီဇင်ဘာ ၁၂ ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီမှ ၅နာရီအထိ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းနှင့် ရွှေဂုံတိုင်လမ်းဆုံရှိ ယုဇနတာဝါ ၁၀ထပ် အခန်းအမှတ် (၁၀၀၉)၌ ပြုလုပ်မည်ဖြစ်သည်။ ဟောပြောပွဲတွင် Globalization သည် နိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖြစ်စဉ်ပေါ်တွင် အကျိုးသက်ရောက်မှုများ၊ ဒေသတွင်းနိုင်ငံများ၏ ဈေးကွက်စီးပွားရေး ပေါင်းစည်းခြင်းဆိုင်ရာ အကြောင်းအရာများနှင့် ကမ္ဘာပေါ်ရှိ ပြောင်းလဲနေသော စီးပွားရေးဆိုင်ရာ ကိစ္စရပ်များအကြောင်းကို ဟောပြောဆွေးနွေးမည်ဖြစ်သည်။ ဟောပြောပွဲသို့ တက်ရောက်လိုသူများသည် WISE (ABE) ဖုန်း-၅၅၆၁၈၃၊ ၀၉-၅၁၅၇၀၃၂ တို့သို့ ဆက်သွယ်စာရင်းပေးပို့ရမည်ဖြစ်သည်။

(ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၁-၁၂-၂၀၁၀ (စနေနေ့)

AM & PM			[အခွင့်အလမ်းဂျာနယ်၏ (၅)နှစ်ပြည့်အထိမ်းအမှတ် အခမ်းအနား]
၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်+ပုဗ္ဗဏှသုတ်	၉း၁၅	လိုအပ်သောဘ၀ (အပိုင်း-၁)
၅း၂၀	MRTV-4 သတင်း	၉း၃၀	Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၅း၅၀	“ဗောဇ္ဈင်္ဂသုတ်”တရားတော် (အပိုင်း-၄) (ဆရာတော် အရှင်ပညာသီဟာဘိဝံသ)	၉း၅၅	အထူးကုများအစီအစဉ် “နှလုံးရောဂါများအကြောင်း”
၆း၄၀	သံတွဲမြို့မှ အံ့ဖွယ်ထူးခြား သုံးဆူဘုရား	၁၀း၂၀	သွားမယ်စားမယ် (Donut King)
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “လောကဝက်ပါ” (အပိုင်း-၁၀၁)**	၁၀း၅၀	Goals of the week (ဘီဂျိမ်းထွေး)
၇း၃၀	MRTV-4 သတင်း	၁၁း၂၀	မြန်မာ့ရုပ်ရှင် နှစ်(၉၀)ပြည့်ဂုဏ်ပြု အစီအစဉ် (အပိုင်း-၁)
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အရိပ်စစ်” (အပိုင်း-၆၈)**	၁၂း၁၀	“နက္ခတ်ဗေဒင်ပညာရပ်ဆိုင်ရာ သိကောင်းစရာ”ဆွေးနွေးခန်း
၈း၄၅	ကုသိုလ်ဖြစ်ကျန်းမာရေး စစ်ဆေးခြင်း (Lumine Perfect Health)	၁၂း၄၀	ပန်းချီပြခန်း (Flower of Future)
၉း၀၀	Activities In The City	၁း၀၀	“ဗောဇ္ဈင်္ဂသုတ်”တရားတော် (အပိုင်း-၄) (ဆရာတော် အရှင်ပညာသီဟာဘိဝံသ)
		၂း၀၀	MRTV-4 သတင်း
		၂း၂၀	ရှမ်းပြည်မြောက်ပိုင်းအလှ မြင်ကွင်း ပန်းချီကားတစ်ချပ်
		၂း၄၅	VJ Choice

ယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
ပ်လောင်းအောင်နိုင်ဦးအား ဆုပေးအပ်
(သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လေ့ကျင့်ရေးထူးချွန်ဆုရ ဗိုလ်လောင်းအောင်ပြည့်အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စာပေထူးချွန်(သိပ္ပံ)ဆုရ ဗိုလ်လောင်းလွင်ထူးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စာပေထူးချွန်(ကွန်ပျူတာ)ဆုရ ဗိုလ်လောင်းနိုင်လင်းအောင်အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ာကွယ်
ာန်းရွှေ
ားအား

ာကွယ်
ာန်းရွှေ
များ၏
နောက်
န်လည်

ဦးတွင်
စီးချုပ်
ဉ် စစ်
ည့်
ခဲ့သည့်
းတို့၏
ဂုဏ်ပြု
ကြောင်း
င်းစဉ်)

တက်ရောက်လာကြသူများ

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၅၃) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (အောက်ပုံများနှင့် ဝဲပုံ)

(သတင်းစဉ်)

ရုပ်မြင်သံကြားအစီအစဉ်

၁၂-၂၀၁၀ (စနေနေ့)

[အခွင့်အလမ်းဂျာနယ်၏ (၅)နှစ်ပြည့်အထိမ်းအမှတ် အခမ်းအနား]
၉း၁၅ လိုအပ်သောဘဝ (အပိုင်း-၁)
၉း၃၀ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၉း၅၅ အထူးကုများအစီအစဉ် "နှလုံးရောဂါများအကြောင်း"
၁၀း၂၀ သွားမယ်စားမယ် (Donut King)
၁၀း၅၀ Goals of the week (ဘီဂျိမ်းထွေး)
၁၁း၂၀ မြန်မာ့ရုပ်ရှင် နှစ်(၉၀)ပြည့်ဂုဏ်ပြုအစီအစဉ် (အပိုင်း-၁)
၁၂း၁၀ "နက္ခတ်ဗေဒင်ပညာရပ်ဆိုင်ရာသိကောင်းစရာ"ဆွေးနွေးခန်း
၁၂း၄၀ ပန်းချီပြခန်း (Flower of Future)
၁း၀၀ "ဗောဇ္ဈင်္ဂသုတ်"တရားတော် (အပိုင်း-၄) (ဆရာတော် အရှင်ပညာသီဟာဘိဝံသ)
၂း၀၀ MRTV-4 သတင်း
၂း၂၀ ရှမ်းပြည်မြောက်ပိုင်းအလှ မြင်ကွင်း ပန်းချီကားတစ်ချပ်
၂း၄၅ VJ Choice
၃း၂၀ ရန်ကုန်မြင်ကွင်းကျယ် (Fun 4 Kids Festival)
၃း၃၀ Kid's Show
၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၆၈)**
၄း၄၅ ဗဟိုဘင်ခရာအဖွဲ့ဝင်ဟောင်းများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲ
၅း၁၀ Sports Diary
၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀ MRTV-4 သတင်း
၆း၂၀ Movie Talk [ဒါရိုက်တာကြည်စိုးထွန်း၊ ဒေါ်ချစ်မြစိန်(ရွှေညာမောင်ရုပ်ရှင်)] (အပိုင်း-၃)
၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၀၂)**
၇း၂၅ သူတို့ဘဝသူတို့ဟာသ (ဦးညာဏ်ပွင့်)
၈း၀၀ MRTV-4 သတင်း
၈း၃၀ Activities In The City (မေတ္တာဖြင့်ကူညီပေးခဲ့ကြသော အနုပညာရှင်များ ဂုဏ်ပြုပွဲ)
၈း၅၀ Chatrium Dream Wedding Fair 2010(Part-2)
၉း၂၅ Barclays Premier League (West Ham Vs Man City)
၁၁း၂၅ သူတို့ပြောတဲ့ သူတို့အကြောင်း (ချစ်ချစ်ဇော်၊ လင်းဇာနည်ဇော်တို့နှင့် တွေ့ဆုံခြင်း)
၁၁း၅၅ Barclays Premier League (Newcastle Vs Liverpool)
၁း၅၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၆၉)**
၂း၄၀ အသုံးဝင်မှုများစွာနှင့် ရေကြောင်းသုံး "GPS"
၂း၅၅ မေတ္တာပန်းတို့မွှေးပျံ့စေ (ပြည့်စုံအောင်၊ မိုးပြည့်ပြည့်မောင်၊ ဦးအောင်ကျော်၊ အကယ်ဒမီချိုပြုံး) (ဒါရိုက်တာ-ဓာတ်ပုံရဲမြင့်လွင်)
၃း၁၅ World of Knowledge (Smart Tunnel)
၄း၀၅ ဈေးနှုန်းချိုသာ မြန်မာ့ကြွေအမိုးပြား (သာယာဝတီ)
၄း၁၀ စက္ကူရွက်ဝေ ရှမ်းထီးသက်သေ
၄း၂၅ ပြင်ဦးလွင်သို့ အလည်တစ်ခေါက်
၄း၃၅ ဒွါရာဝတီ၏ အနုပညာ. . . ဝါးရက်ကန်းလက်ရာ
၄း၅၀ ပြည်နယ်ဂုဏ်ဆောင် ငွေတောင်ဆည်
၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်			ပြသမည့်လိုင်း
၉း၂၅	Aston Villa	-	West Bromwich	ESPN (Live)
	West Ham	-	Man City	STAR SPORTS(Live)
၁၁း၅၅	Newcastle	-	Liverpool	ESPN (Live)
၁၂း၀၀	Stoke City	-	Blackpool	STAR SPORTS(SDD)

***ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။**

မိုးစပါးအထွက်နှုန်း မှန်ကန်ရေး မုံရွာမြို့နယ်၌ စံကွက်ရိတ်သိမ်း

မုံရွာ ဒီဇင်ဘာ ၁၀

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးတင်အောင်၊ မုံရွာခရိုင် မြေစာရင်းဦးစီး ဌာနမှူး ဦးကျော်ညိမ်း၊ မုံရွာမြို့နယ် မြေစာရင်းဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာ့စိုက်ပျိုးရေး မန်နေဂျာ ဦးတင်ရည်နှင့် ဝန်ထမ်းများ၊ မြို့နယ် စီမံကိန်းရေးဆွဲရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များက နိုဝင်ဘာ ၂၇ရက်တွင် မုံရွာမြို့နယ်ပုရစ်ကုန်း ကျေးရွာကွင်းအမှတ်(၇၂၈)၊ ပုရစ်ကုန်း မြောက်ကွင်းဦးပိုင်အမှတ်(၁၂၄) တောင်သူ ဒေါ်လုံးရင်၏ ဆင်းသုခစပါး ၂ ဒသမ ၀၇ဧကသို့သွားရောက်ပြီး မိုးစပါးအထွက်နှုန်းမှန်ကန်ရေး စံကွက်ရိတ်သိမ်းကြရာ ခြောက်သွေ့ပြီးစပါး တစ်ဧက ၉၀ ဒသမ ၉၁ တင်းနှုန်းထွက်ရှိ ကြောင်း သိရသည်။ **(ယာပုံ)**

(၄၆၉)

ဆိပ်ဖြူမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ

ဆိပ်ဖြူ ဒီဇင်ဘာ ၁၀

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ်၌ ၂၀၁၀-၂၀၁၁ ခုနှစ် မိုးစပါးအထွက်နှုန်း မှန်ကန်ရေးအတွက် စံကွက်ရိတ်သိမ်းပွဲကို လက်ဆည်ကျေးရွာအုပ်စုရှိ ဝန်လိုရေလှောင်တမံသောက်ကွင်းအမှတ်(၁၁၈၈) ဦးပိုင်အမှတ် (၁၈၄)၊ တောင်သူဦးဗိုလ်ငွေး လယ်ကွက်၌ နိုဝင်ဘာ ၂၈ ရက်က ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးလွင်ကိုဦး၊ ခရိုင်စိုက်ပျိုးရေး မန်နေဂျာ ဦးလှမြင့်၊ ခရိုင်မြေစာရင်း ဦးစီးမှူး ဦးအေးဟောက်ဆွမ်းမန်၊ ခရိုင်ရေ အရင်းအမြစ် E.E ဦးအောင်ကျော်စိုး၊ ခရိုင်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးကျော်ကျော်ဦး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သူရနှင့် မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များနှင့် ဒေသခံ ဆည်/ လယ်မှူးများ တက်ရောက်ကြသည်။ အဆိုပါ စံကွက်ရိတ်သိမ်းပွဲ၌ ရွှေမြန်မာစပါးမျိုးသင့် စံကွက် တစ်ဧက အထွက်နှုန်း ၈၅ ဒသမ ၃၆တင်းနှုန်း ထွက်ရှိကြောင်းသိရှိရသည်။

(မြို့နယ်ပြန်/ဆက်)

သမဝါယမအသင်းလီမိတက် နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဒီဇင်ဘာ ၁၀

မြန်မာ့ဆောက်လုပ်ရေးနှင့် အထွေထွေ ထုတ်လုပ်ရောင်းဝယ်ရေး သမဝါယမ အသင်းလီမိတက် မရမ်းကုန်းမြို့နယ်၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် (၁၄)ကြိမ်မြောက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို နိုဝင်ဘာ ၂၇ ရက် မွန်းလွဲ ၂နာရီက မရမ်းကုန်းမြို့နယ်ရှိ အဆိုပါ အသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိ အသင်းဥက္ကဋ္ဌ ဦးမောင်မောင်သန်းက အမှာစကားပြောကြားပြီး **(ဓါတ်ပုံ)** ရန်ကုန်တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် အတွင်းရေးမှူး ဦးတင်မြင့်နှင့် မရမ်းကုန်းမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ပုလဲတင်တို့ အမှာစကားပြောကြားကြကြောင်း သိရသည်။ (ကြေးမုံ)

ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ဓာတုဗေဒ ကုန်ထုတ်ဓာတုဗေဒ ကျောင်းသား၊ ကျောင်းသူများ မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၀

ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ၁၉၇၄-၇၈ခုနှစ် ဓာတုဗေဒ/ ကုန်ထုတ်ဓာတုဗေဒတွဲ့ရ ကျောင်းသား၊ ကျောင်းသူများ၏ ပဉ္စမအကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲကို ၂၀၁၁ခုနှစ် ဇန်နဝါရီ ၉ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် ရတနာလမ်း (၁၆/၂) ရပ်ကွက် စွန်းလွန်းဂူ ဝိပဿနာကျောင်းတိုက် ဓမ္မာရုံကြီး၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် ဦးလှသိန်း ဖုန်း-၂၂၄၄၀၀၊ ၂၁၅၄၅၆၊ ၀၉-၅၀၁၃၄၆၉၊ ဦးလှမောင်ရွှေ ဖုန်း-၅၀၂၆၈၁၊ ၅၀၂၆၈၂၅၁၄၇၉၇၄၊ ဦးအောင်သူမြိုင် ဖုန်း-၀၉-၈၀၂၀၂၉၉၊ ဦးလှဝင်း ဖုန်း-၃၈၇၄၉၂၊ ၀၉-၅၁၆၁၄၈၁၊ ဒေါ်မူမူရှိန် ဖုန်း-၇၃၀၉၈၀၉၇၊ ၀၉-၅၁၃၇၆၄၅၊ ဒေါ်နွေနွေအောင် ဖုန်း-၀၉-၅၁၁၃၂၄၃၊ ၂၂၅၅၀၂၊ ဒေါ်တင်တင်ဝင်း ဖုန်း-၂၅၆၉၈၉၊ ၃၈၃၈၀၂-၃၊ ဒေါ်မေအေးမြင့် ဖုန်း-၆၆၀၂၆၈၊ ၀၉-၅၁၄၆၄၄၇၊ ဒေါ်သန်းသန်းနွယ် ဖုန်း-၆၆၀၅၉၂၊ ၀၉-၅၁၂၄၁၆၀နှင့် ဒေါ်ခင်မလေး ဖုန်း-၆၄၂၈၃၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြေးမုံ The Mirror အမြို့မြို့ အနယ်နယ် သတင်းများ

မိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က လမ်းဘေး ဝဲ၊ ယာ သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ပန်းအလှပင်များ ပုံဖော်ခြင်းလုပ်ငန်းများကို အမှုဆောင်အရာရှိ ဦးအောင်နိုင်ဦး ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပုလဲမြို့၌ ရေပေးဝေရေးလုပ်ငန်း ညှိနှိုင်းစည်းဝေး

နေပြည်တော် ဒီဇင်ဘာ ၁၀

ပုလဲမြို့ ရေပေးဝေရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီနှင့် ရေသုံးစွဲသူ ရေတိုင်ရှင်များ၏ ရေပေးဝေရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ပုလဲရတနာခန်းမ၌ကျင်းပရာ မြို့ရေပေးဝေရေး လုပ်ငန်း ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် ကော်မတီဝင်များ၊ ရေသုံးစွဲသူပြည်သူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြို့ရေပေးဝေရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက အဖွင့်အမှာစကား ပြောကြားပြီး ကော်မတီဝင်များက လုပ်ငန်းတည်ဆောက်မှုကုန်ကျစရိတ်၊ရငွေ၊ သုံးငွေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ တိုးချဲ့ရေပေးဝေရေးဆိုင်ရာ ဥပဒေစည်းကမ်းချက်များနှင့် မြို့နယ်အတွင်း လျှပ်စစ်မီးရရှိနိုင်မှု အခြေအနေများကို ရှင်းလင်းဆွေးနွေးကြကာ အစည်းအဝေး တက်ရောက်ကြသူများက အကြံပြုဆွေးနွေး၍ မြို့နယ်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အထက(၁) လသာ ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၀

၁၉၆၅ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ (စင်ထရယ်) အထက(၁)လသာ ကျောင်းသားဟောင်းများ၏ (၁၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၂၆ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ဗဟိုစံပြခန်းမဆောင်ကြီး၌ ကျင်းပမည်ဖြစ်ပါ၍ ဗိုလ်မှူးခင်ညို(ငြိမ်း) ဖုန်း-၂၉၂၁၆၀၊ ဗိုလ်မှူးချစ်ညွန့် ဖုန်း-၀၉-၅၀၀၁၃၇၈၊ ဦးအောင်ကြည် ဖုန်း-၀၉-၅၁၇၈၄၃၉၊ ဦးခင်မောင်ဘိုး ဖုန်း-၂၉၃၄၄၈၊ ဦးခင်မောင်ကြီး ဖုန်း-၂၂၂၄၈၄၊ ဦးနိုင်ငွေးဝင်း ဖုန်း-၀၉-၅၁၀၂၅၂၉နှင့် ဦးအမင်း ဖုန်း-၃၇၇၄၇၀၊ ၅၀၂၄၆၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

မြိတ်မြို့နယ်၌ စပါးအထွက်နှုန်းမှန်ကန်ရေး စံကွက်များ ရိတ်သိမ်းစစ်ဆေး

မြိတ် ဒီဇင်ဘာ ၁၀

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးများနှင့် တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာန တိုင်းဒေသကြီး/ခရိုင်/မြို့နယ်စိုက်တိုးမြှင့် အဖွဲ့ဝင်များသည် နိုဝင်ဘာ ၂၃ ရက်တွင် မြိတ်မြို့နယ် မဇော်ကျေးရွာအုပ်စု ကွင်းအမှတ် (၂၈၁)၊ ဦးပိုင်အမှတ်(၁၂၈)ဧရိယာ ဧက၂၀၀ ရှိ တောင်သူ ဦးတင်လှ၏ လယ်မြေတွင် ရွှေဝါထွန်းမိုးစပါးစိုက်ခင်းအား စံကွက်ရိတ်သိမ်းစစ်ဆေးရာ အဆိုပါ စံကွက်မှ ခြောက်သွေ့ပြီးစပါး ၈၂၀၄ တင်း ထွက်ရှိကြောင်းနှင့် ဆက်လက်ပြီး အဆိုပါအဖွဲ့သည် မြိတ်မြို့နယ် အင်္ဂမော်ကျေးရွာအုပ်စု ကွင်းအမှတ် (၂၆၆)၊ ဦးပိုင်အမှတ် (၄၆)၊ ဧရိယာ ၅၇၅ ဧကရှိ တောင်သူဦးဘစိုးလယ်မြေတွင် ရွှေဝါထွန်းစပါးမျိုးစိုက်ခင်းအား လည်းကောင်း၊ ကွင်းအမှတ် (၇၀၅)၊ ဦးပိုင်အမှတ်(၁၀)၊ ဧရိယာ ၃၂၆ဧကရှိ တောင်သူ ဦးကြွယ်၏ လယ်မြေတွင် ဧည့်မထစပါးမျိုး ကြခင်းအားလည်းကောင်း စံကွက်များရိတ်သိမ်းခဲ့သည်။ **(ဓါတ်ပုံ)** (ခရိုင်ပြန်/ဆက်)

မီးဘေးကာကွယ်ရေး ပျော်ဘွယ်တွင်ဆောင်ရွက်

ပျော်ဘွယ် ဒီဇင်ဘာ ၁၀

ပျော်ဘွယ်မြို့နယ် ၂၀၁၁ ခုနှစ် မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးစီမံချက်အရ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လမ်းညွှန်မှုဖြင့် မီးသတ်ရေကန်များ ရေဖြည့်တင်းခြင်း၊ စက်မှုလက်မှုလုပ်ငန်းများအား မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးအကြံပြုခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ဒီဇင်ဘာ ၄ ရက်နံနက်က ပျော်ဘွယ် ချည်မျှင်စက်ရုံနှင့် ဝါကြိတ်စက်ရုံများသို့ မြို့နယ်မီးဘေးတားဆီးရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးလျှန်ဇာထောင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသိန်းဇော်ဝင်း၊ လျှပ်စစ်နှင့် စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများပူးပေါင်း ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

(၉၈)

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြန်/ဆက်ဦးစီးဌာန အခြေခံ ကွန်ပျူတာသင်တန်းဖွင့်

လားရှိုး ဒီဇင်ဘာ ၁၀

ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် အခြေခံကွန်ပျူတာသင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၃ရက် ညနေပိုင်းတွင် လားရှိုးခရိုင်ရုံး စာကြည့်တိုက်ခန်းမ၌ကျင်းပရာ ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်စန်းက အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ ပြည်နယ်ရုံးနှင့်ခရိုင်ရုံးမှ ဝန်ထမ်းခုနစ်ဦး တက်ရောက်ကြပြီး သင်တန်းချိန်မှာနေ့စဉ် ညနေ ၄ နာရီမှ ၆ နာရီအထိ ဖြစ်သည်။ သင်တန်းကို ဒီဇင်ဘာ ၃ ရက်မှ ၃၁ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်းသိရသည်။ (ခရိုင် ပြန်/ဆက်)

မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း အတွင်းရေးမှူး ဦးဇော်မင်းဦး၊ အဖွဲ့ဝင် ဒေါက်တာမျိုးနိုင်နှင့် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်မှ ဒါရိုက်တာ ဒေါက်တာမြင့်မြင့်သန်းတို့ တရုတ်(တိုင်ပေ) တွင် ဒီဇင်ဘာ ၁ ရက်မှ ၃ ရက်အထိ ကျင်းပခဲ့သည့် ASOCIO ICT Summit- 2010 သို့ တက်ရောက်ပြီး ရန်ကုန်မြို့သို့ ဒီဇင်ဘာ ၆ ရက်က ပြန်လည်ရောက်ရှိလာစဉ်။ (ကြေးမုံ)

ပြည်နယ်နှင့် တိုင်းဒေသကြီး ကြက်တောင်ပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဒီဇင်ဘာ ၁၀

၂၀၁၀ ခုနှစ် (၄၂)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်းဒေသကြီး ကြက်တောင်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၈ ရက် ညနေ ၄ နာရီက ရန်ကုန်မြို့ အမျိုးသားကြက်တောင်အားကစားခန်းမ၌ ကျင်းပရာ ဗိုလ်လုပွဲများအပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကိုကျင်းပရာ အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရရှိသော မန္တလေးတိုင်းဒေသကြီးအသင်း၊ တတိယဆုရရှိသော ပဲခူးတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်းတို့အား အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)ကျောင်းအုပ်ကြီး (ညွှန်ကြားရေးမှူး) ဦးတင်ဝင်းက ဆုများကို ချီးမြှင့်ပေးအပ်သည်။

ထို့နောက် အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရရှိသော မန္တလေးတိုင်းဒေသကြီးအသင်း၊ တတိယဆုရရှိသော တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)အသင်းတို့အား မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်မြလေးစိန်က ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အကောင်းဆုံးအမျိုးသားအားကစားသမားဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်းမှ သက်ခိုင်နှင့် အကောင်းဆုံး အမျိုးသမီးအားကစားသမားဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်းမှ မသက်ထားသူဇာတို့အား မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေက ဆုများကို ပေးအပ်ချီးမြှင့်သည်။



ထို့နောက် အမျိုးသားအသင်းလိုက်နှင့် အမျိုးသမီးအသင်းလိုက် တံခွန်စိုက်ဒိုင်းဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်းအား မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က တံခွန်စိုက်ဒိုင်းဆုနှင့် ဆင့်ပွားဒိုင်းဆုကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)** (ကြေးမုံ)

မြန်မာနိုင်ငံအထက်ပိုင်းဒေသများ မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဒီဇင်ဘာ ၁၀

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက် မိုးကြီးခဲ့သည်။ **ညအပူချိန်များမှာ** စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၇ ဒီဂရီစင်တီဂရိတ်မှ ၈ ဒီဂရီစင်တီဂရိတ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ဟားခါးမြို့နှင့် ကသာမြို့တို့တွင် ၉ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ကျောက်ဖြူမြို့တွင် ၅ ဒသမ ၆၇ လက်မ၊ စစ်တွေမြို့တွင် ၃ ဒသမ ၇၀ လက်မ၊ မြောက်ဦးမြို့တွင် ၃ ဒသမ ၁၅ လက်မ၊ မောင်တောမြို့တွင် ၃ ဒသမ ၀၇ လက်မနှင့် ပလက်ဝမြို့တွင် ၂ ဒသမ ၈၀ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ ။ ။ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ဒီဇင်ဘာ ၁၁ ရက် ညနေထိခန့်မှန်းချက် ။ ။ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ။ ။ ရခိုင်ကမ်းရိုးတမ်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။ ။ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာသည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဒီဇင်ဘာ ဒုတိယ ရက်သတ္တပတ်ကုန် ရက်များအတွက် မိုးလေဝသခန့်မှန်းချက်။ လာမည့် သီတင်းပတ်ကုန်ရက်များအတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

နိုင် ငံ တ ကာ အား က စား သ တင်း   နိုင် ငံ တ ကာ အား က စား သ တင်း   နိုင် ငံ တ ကာ အား က စား သ တင်း

ဘောလုံးရသ အပြည့်အဝခံစားကြရဦးမည့် မန်ယူ-အာဆင်နယ်၊ စပါး-ချယ်လ်ဆီးတို့တွေ့ဆုံပွဲ

ဝင်းတင်(ကြေးမုံ)

အင်္ဂလိပ်ပရီမီယာလိဂ်ပွဲစဉ် (၁၇) ကို ဒီဇင်ဘာ ၁၁ ရက် (ယနေ့ည)၊ ဒီဇင်ဘာ ၁၂ ရက် (တနင်္ဂနွေနေ့)နဲ့ ဒီဇင်ဘာ ၁၄ ရက် (အင်္ဂါနေ့) နံနက်ပိုင်းတို့မှာ ယှဉ်ပြိုင်ကစားစေမှာဖြစ်ပါတယ်။ ဒီတစ်ပတ်မှာ ထိပ်တန်းအသင်းကြီးတွေဖြစ်တဲ့ မန်ယူ-အာဆင်နယ်၊ စပါး-ချယ်လ်ဆီးတို့ ဆုံတွေ့မှာဖြစ်တာကြောင့် ဘောလုံးရသ အပြည့်အဝပေးစွမ်းမယ့် ပွဲတွေကို ရင်ခုန်စိတ်လှုပ်ရှားစွာနဲ့ စောင့်ကြည့်ကြရဦးမှာပါ။

မန်ယူ-အာဆင်နယ် ။ ။ တစ်ပွဲလျှော့နေတဲ့ မန်ယူဟာ အမှတ်ပေးဇယားထိပ်က အာဆင်နယ်နဲ့ တစ်မှတ်ပဲကွာပါတယ်။ အောက်သင်းတွေရဲ့ ဖိအားပေးမှုက ရှိနေတာကြောင့် နှစ်သင်းလုံး ခြေကုန်ထုတ်ရုန်းကန်လာကြမှာပါ။ မန်ယူ လူမစုံသေးသလို အာဆင်နယ်မှာလည်း ဒဏ်ရာပြဿနာတွေရှိနေဆဲပါ။ တောင်ပံကစားသမားနာနီခြေစွမ်းပြမှုနဲ့အတူ ဖလက်ချာ၊ ပက်ဂျီဆန်၊ ဘာဘာတော့ဗ်၊ ဝိန်းရွန်နေးတို့ တွဲလုံးတွေနဲ့ ပုံမှန်ခြေစွမ်းပြနိုင်ဖို့ ကြိုးစားနေတဲ့မန်ယူ အိမ်ကွင်းကစားရမှာက အားသာချက်တစ်ခုပါ။ မန်ယူ အိမ်ကွင်းမှာဆိုရင် အာဆင်နယ်ကို အမြဲလိုလို အသာစီးရတတ်လေ့ရှိပေမယ့် အာဆင်နယ်မှာ ဆောင်း၊ နာဆရီ၊ အာရှာဗင်နဲ့ ဗန်ပါစီတို့ တွဲလုံးတွေနဲ့ ထိုးဖောက်တိုက်စစ်ဆင်မှု အားကောင်းနေတာကိုတော့ သတိပြုရမှာပါ။ အာဆင်နယ် သရေမျှော်လင့်ခွင့် ရှိနေပေမယ့် အိုးထရက်ဖို့ဒ်ကွင်း ဖြစ်နေတာကြောင့် မန်ယူ အားသာနိုင်ပါတယ်။

စပါး-ချယ်လ်ဆီး ။ ။ ခြေပျက်နေတဲ့ ချယ်လ်ဆီးနဲ့ ရစ်သမ်မှန်နေတဲ့ စပါးတို့ပွဲက ပြိုင်ဆိုင်မှုပြင်းထန်တဲ့ နောက်ထပ်ပွဲကောင်းတစ်ပွဲ ဖြစ်လာဦးမှာပါ။ လေးပွဲဆက်တိုက် နိုင်ပွဲပျောက်ထားတဲ့ ချယ်လ်ဆီး တတိယနေရာကို ဆင်းပေးလိုက်ရတာကြောင့် ဒီပွဲမှာ အမှတ်ပြန်ရှာဖို့ ကြိုးစားလာမှာပါ။ ဒါပေမယ့် စပါးတိုက်စစ်မှူးတွေဖြစ်တဲ့ ဒီဖိုး၊ ပီတာခရောချ်၊ ပက်လူချန်ကိုတို့ ကြံ့ခိုင်မှုပြည့်ဝနေသလို ကွင်းလယ်က ဗန်ဒါဗက်၊ မော့ဒရစ်၊ လင်နွန်၊ ဂါရတ်ဘေးလ်တို့ ပံ့ပိုးမှု အထူးကောင်းမွန်နေပါတယ်။ ဒါကြောင့် နေရာစုံ၊ ထောင့်စုံက ထိုးဖောက်လာမယ့် စပါးတိုက်စစ်ကို ချယ်လ်ဆီး ဂိုးပေးရဖို့ရှိနေပြီး ချယ်လ်ဆီးသရေရရင် ကံကောင်းတယ်လို့ ဆိုရမှာပါ။

ဝက်စ်ဟမ်း-မန်စီးတီး ။ ။ အမှတ်ပေးဇယားအောက်ခြေက ဝက်စ်ဟမ်းရဲ့ ခြေစွမ်းက စိတ်ပျက်စရာ ကောင်းနေဆဲပါ။ စတုတ္ထနေရာမှာ ရှိနေတဲ့ မန်စီးတီးဟာ အမှတ်ပေးဇယားထိပ်က အာဆင်နယ်နဲ့ သုံးမှတ်သာကွာတာကြောင့် မန်ယူ-အာဆင်နယ် ထိပ်တိုက်တွေ့ဆုံမှုကို အခွင့်အရေးရယူဖို့ ရှိနေပါတယ်။ ဒီနှစ်သင်းရဲ့ လက်ရှိအနေအထားကို ကြည့်ရင် အသင်းလိုက်ရော၊ တစ်ဦးချင်းပါ ကွာခြားမှု ကြီးမားလွန်းလှပါတယ်။ ဒါကြောင့် မန်စီးတီးအဝေးကွင်းဖြစ်ပေမယ့် လိုအပ်တဲ့ ဂိုးအရေအတွက်သွင်းပြီး အိမ်ရှင်ဝက်စ်ဟမ်းကို အနိုင်ယူသွားဦးမှာပါ။

ပရီမီယာလိဂ်ပွဲစဉ် (၁၇)ပွဲစဉ်များ
၁၁-၁၂-၂၀၁၀ (စနေနေ့)

ည	၉း၃၀ နာရီ	ဗီလာ	-	ဝက်စ်ဘရွန်း	
ည	၉း၃၀ နာရီ	အဲဗာတန်	-	ဝီဂန်	
ည	၉း၃၀ နာရီ	ဖူလ်ဟမ်	-	ဆန်းဒါးလန်း	
ည	၉း၃၀ နာရီ	စတုတ်စီးတီး	-	ဘလက်ပူးလ်	
ည	၉း၃၀ နာရီ	ဝက်စ်ဟမ်း	-	မန်စီးတီး	
ည	၁၂း၀၀ နာရီ	နယူးကာဆယ်	-	လီဗာပူး	
၁၂-၁၂-၂၀၁၀ (တနင်္ဂနွေနေ့)					
ည	၈း၀၀ နာရီ	ဘော်လ်တန်	-	ဘလက်ဘန်း	
ည	၈း၀၀ နာရီ	ဝုလ်ဗာဟမ်တန်	-	ဘာမင်ဂမ်	
ည	၁၀း၃၀ နာရီ	စပါး	-	ချယ်လ်ဆီး	
၁၄-၁၂-၂၀၁၀ (အင်္ဂါနေ့)					
နံနက်	၂း၃၀ နာရီ	မန်ယူ	-	အာဆင်နယ်	

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ် မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန်လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၁၀ ခုနှစ် ဒီဇင်ဘာလအတွက်

(၁၂-၁၂-၂၀၁၀) ရက်နေ့

နှင့်

(၂၆-၁၂-၂၀၁၀) ရက်နေ့

ဒို့ကျေးရွာဂျာနယ် ဝတ္ထုတိုပြိုင်ပွဲ ဆုရရှိသူများစာရင်းကြေညာ

ရန်ကုန် ဒီဇင်ဘာ ၁၀

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဖိတ်ခေါ်ကျင်းပခဲ့သော ဒို့ကျေးရွာဂျာနယ် ဝတ္ထုတိုစာမူပြိုင်ပွဲ၏ ဆုရရှိသူများ အမည်စာရင်းကို စာမူစိစစ်ရွေးချယ်ရေးအဖွဲ့က ဒီဇင်ဘာ ၄ ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။

ဝတ္ထုတိုပြိုင်ပွဲတွင် **ဦးရွှေသိဏ်း(ရဲရင့်ကျော်)**က **"အဖေက ရေးတတ်ဖတ်တတ် အမေက ကြက်ခြေခတ်"** စာမူဖြင့် ပထမဆု၊ **ဦးမြင့်သိန်း(ထွန်းနိုင်)**က **"သစ္စာလေနုအေး"** စာမူဖြင့် ဒုတိယဆုနှင့် **ဒေါ်နုနုသိန်း(သိမ့်-စီးပွားရေးတက္ကသိုလ်)**က **"အေးမြသောလေပြည်၊ မွှေးပျံ့သောရနံ့နှင့် တောက်ပသောအနာဂတ်များ"** စာမူဖြင့် တတိယဆု ရရှိကြသည်။ အထူးဆုများအဖြစ် **ဦးစံရွှေမင်း (ကျော်ဖြိုးလွင်)**က **"နွေးထွေးတဲ့မိရင်ခွင်"** စာမူဖြင့် လည်းကောင်း၊ **ဦးအုန်းသွင်(နတ်တလင်း အုန်းသွင်)**က **"ကွင်းပြင်အနှံ့ လွင့်ပျံ့စေချင်"** စာမူဖြင့် လည်းကောင်း၊ **ဦးသောင်းရွှေ (ကေတုမောင် ညိုလင်း)**က **"အောင်ပွဲဖြိမ့်ဖြိမ့် ရင်သိမ့်သိမ့်"** စာမူဖြင့် လည်းကောင်း၊ **ဦးအေးလှိုင်(အောင်အေး)**က **"သမီးပေးယာ"** စာမူဖြင့် လည်းကောင်း၊ **ဦးတင့်နိုင်(ကောင်းကင်)**က **"တစ်ခေါက်လောက် ကြွခဲ့စမ်းပါ ကျုပ်နှမများကို ဖိတ်ကြားချင်ပါတယ်ခင်ဗျာ"** စာမူဖြင့် လည်းကောင်း ရရှိကြသည်။

ဒို့ကျေးရွာဂျာနယ် ဝတ္ထုတိုပြိုင်ပွဲ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများအား နေပြည်တော်၌ ကျင်းပမည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နှစ်ပတ်လည်နေ့အခမ်းအနား၌ ဆုများပေးအပ်ချီးမြှင့်မည်ဖြစ်ပြီး အထူးဆုရရှိသူများအား မိမိတို့နေထိုင်သည့် မြို့နယ်များရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများ၌ ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အားကစားမြှင့်တင် စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၁-၁၂-၂၀၁၀(စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၄ ၃။ နိုင်ငံတော်သီချင်း
၇း၀၅ ၄။ တရားတော်
၇း၂၀ ၅။ ဓမ္မပူဇာတေး
၇း၂၅ ၆။ မျိုးချစ်တပ်မတော်
၇း၃၀ ၇။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၄၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၇း၅၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၃။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၄။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ မြဝတီအဖွင့်
၁၁း၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၁၁း၁၀ ၃။ နိုင်ငံတော်သီချင်း
၁၁း၂၀ ၄။ အဖွင့်သီချင်း
၁၁း၂၅ ၅။ မျိုးချစ်တပ်မတော်
၁၁း၃၀ ၆။ **ကာတွန်းအစီအစဉ် -ချစ်မိတ်ဆွေဗလကြီး (အပိုင်း-၁၁)**
၁၂း၀၀ ၇။ **ရုပ်မြင်သံကြားဇာတ်လမ်း -ဘယ်သူ့ကိုအချစ်ဆုံးလဲ (ကျော်ရဲအောင်၊ မို့မို့မြင့်အောင်၊ စိုးမြတ်သူဇာ၊ မေသန်းနု) [ဒါရိုက်တာ-ကိုဇော် (အရုဏ်ဦး)]**
၁း၃၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၂း၀၀ ၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်မျက်ရည်လေးပြယ်ပါစေ (အပိုင်း-၂၂)**
၂း၅၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၃း၀၀ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄း၃၀ ၃။ နိုင်ငံတော်သီချင်း
၄း၃၃ ၄။ အဖွင့်သီချင်း
၄း၃၅ ၅။ ချစ်သူစုံတွဲတူယှဉ်နွဲ့
၄း၄၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၄း၅၀ ၇။ မြန်မာ့ရှုခင်း
၄း၅၅ ၈။ မျိုးချစ်တပ်မတော်
၅း၀၀ ၉။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၅း၂၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၅း၄၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၄၅ ၁၂။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၁၄။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၅။ စားဖို့ဆောင်ချစ်သူ
၆း၅၀ ၁၆။ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
၇း၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိပ်မက်ကောင်းကင် (အပိုင်း-၁၁)**
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ နိုင်ငံတကာသတင်း
၂၁။ မိုးလေဝသသတင်း
၂၂။ လူရွှင်တော်စတား
၂၃။ ကုန်သွယ်သုတ
၂၄။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကျွန်းအလှနှင့် ဘဝကဗျာ (အပိုင်း-၁၃)**
၂၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း (အပိုင်း-၉)**
၂၇။ သင့်အတွက်မနက်ဖြန်
၂၈။ အပိတ်နှုတ်ဆက်စကား
၂၉။ ပြီးပါပြီ။

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့သဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၅၃) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနား တက်ရောက်မိန့်ခွန်းပြောကြား

နေပြည်တော် ဒီဇင်ဘာ ၁၀

စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၅၃) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်မိန့်ခွန်းပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့☆

အလေးပြု

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား စစ်တက္ကသိုလ်ဗိုလ်လောင်းတပ်ရင်းများက အလေးပြုကြစဉ်။ (သတင်းစဉ်)

(11-12)20.pmd 1 12/11/2010, 4:23 AM